# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်၊ ကြာသပတေးနေ့။ Thursday, 11 August 2022 ၁၀၈၂၄


### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ်စရာ

AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးအပ်ခြင်း အပေါ် စောင်းငဲ့ကြည့်ခြင်း
စာမျက်နှာ » ၆

ကိုယ်တိုင်ရွေးချယ်သော ခရီး ......
စာမျက်နှာ » ၉

စားသုံးသူများ ဘေးကင်းလုံခြုံရေး အရည်အသွေးပြည့်ဝသည့် စားသောက်ကုန်များ ဖြစ်စေရန် စစ်ဆေးမှုကိုခံယူ
စာမျက်နှာ » ၁၁

ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း
စာမျက်နှာ » ၁၆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့သို့ တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။

# စက်မှုလုပ်ငန်းများကို ပြန်လည်အားပေးဆောင်ရွက်ပြီး ပြည်တွင်း၌ လူသုံးကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံ၏စီးပွားရေး ခိုင်မာရေးကိုလည်း တည်ဆောက်ရမည်

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




ကြေးမုံ

# ကုန်ထုတ်စွမ်းအားမြှင့်တင် တိုင်းပြည်စီးပွားတိုးတက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ ကျေးလက်ဒေသနေ ပြည်သူအများစုသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်ကြသည်။ ထို့ကြောင့် ကျေးလက်စီးပွား ကုန်ထုတ်လုပ်ငန်းများကို ယခုထက်ပိုမိုမြှင့်တင်ဆောင်ရွက်ပေးနိုင်လျှင် တိုင်းပြည်လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ကျေးလက်စီးပွား ကုန်ထုတ်လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ရှိပြီး ရေခံ၊ မြေခံအခြေခံကောင်းပေါ်တွင် သမားရိုးကျလုပ်ရိုးလုပ်စဉ်အတိုင်း များသောအားဖြင့် လုပ်ကိုင်ကြသည်။ ရေခံ၊ မြေခံကောင်းများနှင့် စွမ်းအားအရင်းအမြစ်များ ရှိနေသော်လည်း ခေတ်မီနည်းစနစ်၊ သုတေသနရှာဖွေဖော်ထုတ်မှုအသစ်များဖြင့် ဆောင်ရွက်နိုင်မှု အားနည်းသောကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ထင်သလောက် ခရီးမပေါက်ဖြစ်နေသည့်သဘောရှိသည်။ ထို့ကြောင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းစဉ်များကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသားတိုင်း အသက်ရှင်နေထိုင်နိုင်ရန်အတွက် စားရေရိက္ခာဖူလုံရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးဧက စုစုပေါင်း ၃၃ သန်းခန့်ရှိပြီး စပါး၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့်ဝါကို အဓိကစိုက်ပျိုးကြသည်။ အချို့နေရာများတွင် တစ်သီးစားနှင့် အချို့နေရာများတွင် နှစ်သီးစားစိုက်ပျိုးကြသည်။ စိုက်ပျိုးရေးတွင် ဆန်စပါးကို အဓိကစိုက်ပျိုးကြရာ နိုင်ငံအတွင်း လူတစ်ဦး တစ်နှစ်ဆန်စားသုံးမှုမှာ ၁၅၅ ကီလိုဂရမ်(၉၇ ပြည်ခန့်) စားသုံးသဖြင့် ပြည်တွင်း၌ ဆန်ဖူလုံမှုရှိသည်။ မျိုးကောင်းမျိုးသန့်ဖြင့် အထွက်တိုးစိုက်ပျိုးလျှင် ပြည်ပသို့နှစ်စဉ်တင်ပို့နိုင်ပြီး နိုင်ငံ့စီးပွားတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် ဆန်ကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ စားရေရိက္ခာဖူလုံမှုရှိစေရေးနှင့် ဝဝလင်လင်စားသုံးနိုင်ရေးအတွက် အဓိကစားသုံးသည့် ဆန်နှင့် ဂျုံကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် ဦးစားပေးဆောင်ရွက်နေသည်။ ထို့အပြင် အခြားသော ဖြည့်စွက်စားကုန်များကိုလည်း တစ်ဖက်တစ်လမ်းမှ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးတက်လာသည်နှင့်အမျှ ဆီစားသုံးမှုမှာ များပြားလာသည်။ ထို့ကြောင့် ပြည်တွင်ဆီစားသုံးမှုဖူလုံစေရေးအတွက် နေရာဒေသမရွေး စိုက်ပျိုးနိုင်သော၊ စားသုံးဆီထုတ်လုပ်ရေးကို တိုက်ရိုက်အကျိုးပြုနိုင်သော တစ်ဧက ဆီထွက်နှုန်း ပိဿာ ၁၄၀ ခန့် ရရှိနိုင်သည့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးအား လုပ်ကိုင်နေသည်ကို တွေ့ရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရေးရာသီတွင် နေကြာသီးနှံကို တစ်နိုင်ငံလုံး စိုက်ဧက ၁ ဒသမ ၅ သန်းကျော်စိုက်ပျိုးထုတ်လုပ်နိုင်အောင် လျာထားဆောင်ရွက်လျက်ရှိသည်။ သီးသန့်စိုက်ဧရိယာ ၆၉၀၀၁၇ ဧကအတွက် လိုအပ်မည့် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၀၀ ဒသမ ၂၄၈ ဘီလီယံကို နိုင်ငံတော်အစိုးရက ကိုဗစ်-၁၉ အထူးချေးငွေ ရန်ပုံငွေမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ချေးခွင့်ပြုထားပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ဆီနှင့်ပတ်သက်၍ စက်မှုသုံးဆီနှင့် စားသုံးဆီ နှစ်မျိုးရှိသည်။ စက်မှုသုံးဆီကို လျှော့ချ၍ မဖြစ်နိုင်သော်လည်း စားသုံးဆီကို ပြည်သူများအနေဖြင့် လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်လည်းသက်သာ၊ ကျန်းမာရေးနှင့်လည်း ညီညွတ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း ချွေတာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးနေသည့်သီးနှံများအနက် ဆန်နှင့် မြေပဲသီးနှံတို့သာ ရည်မှန်းချက်ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ကျန်သီးနှံများနှင့် ဆီထွက်အခြားသီးနှံများကို ထပ်မံကြိုးစား စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လျက်ရှိသည်။ ထို့ကြောင့် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးကို ဒေသအလိုက် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ဧကများကိုလည်း တိုးချဲ့၊ အထွက်နှုန်းလည်း တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်သူများကလည်း ဆီကိုချွေတာသုံးစွဲကြပါက ပြည်သူများဝင်ငွေ၊ နိုင်ငံ့ဝင်ငွေ တိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အပိုင်းမှ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးရေရရှိရေးတို့ကို အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရန် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ပေးပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြလျှင် နိုင်ငံ့စီးပွား မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
(ခ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊
(ဂ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှုအနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊
(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## စာဖတ်ပရိသတ် လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေး

ညောင်လေးပင် ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ စာဖတ်ပရိသတ် လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ လှည့်လည်ငှားရမ်းပေးခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်း ငှားရမ်းပေးခဲ့သည်။



**အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်**

လူငယ်၊ လူရွယ်များ၊ စာပေဝါသနာရှင်များ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ အသိပညာဗဟုသုတရရှိစေရန်၊ အမှားအမှန် ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ်သည့် အလေ့အထများရရှိစေရန်၊ စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက် ငှားရမ်းနိုင်ခြင်းမရှိသည့် စာဖတ်ပရိသတ်များ အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်ရန် ရည်ရွယ်၍ နယ်လှည့် ငှားရမ်းပေးခြင်းဖြစ်သည်။

**နယ်လှည့်ငှားရမ်းပေး**

ယင်းသို့ စာအုပ်၊ စာစောင်များ နယ်လှည့်ငှားရမ်းပေးရာတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက သုတ၊ ရသ စာအုပ်ပေါင်း ၂၅၀ ကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများက စာဖတ်ပရိသတ် လက်ဝယ်အရောက် နယ်လှည့်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

ခင်မောင်လွင် (ညောင်လေးပင်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၀-၈-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၆,၉၀၀ | ၇,၁၀၀ | ၂၇၄ | ၁,၈၉၄,၄၀၀ |
| MTSH | ၂,၄၅၀ | ၂,၄၅၀ | ၆၈၇ | ၁,၆၈၃,၁၅၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၄ | ၂၇,၆၀၀ |
| FPB | ၁၈,၀၀၀ | ၁၈,၀၀၀ | ၀ | ၀ |
| TMH | ၂,၃၅၀ | ၂,၃၅၀ | ၁၁ | ၂၅,၉၀၀ |
| EFR | ၂,၃၅၀ | ၂,၄၅၀ | ၄၁ | ၉၇,၄၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၄၈.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၁၀.၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၀၇၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၁.၁၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၆.၄၂၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၆၅.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၂၄.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၇.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၁၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❖ **သမဝါယမအသင်းများကို အမှန်တကယ် လုပ်ကိုင်သူများ စုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်တိုးချဲ့ ဖွဲ့စည်း ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝများ ပိုမိုတိုးတက်လာမည်**

❖ **လူဦးရေနှင့် သန်းခေါင်စာရင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်း ဆောင်ရွက်၍ စာရင်းများမှန်ကန်စွာ ကောက်ယူနိုင်ရေး အလေးထားဆောင်ရွက်ရန်လို**

❖ **အဆင့်မြင့်ပညာတက္ကသိုလ်များ တက်ရောက်ရာတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ ကျောင်းသား ကျောင်းသူများ ပိုမိုတက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဖြည့်စွက်ဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင် ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးသိန်းညွန့် ရှင်းတင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရှင်းတင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးကို အစီအစဉ်အတိုင်း ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဝန်ကြီးဌာနအလိုက် ရည်မှန်းချက်နှင့် ဦးတည်ချက်၊ လုပ်ငန်းတာဝန်၊ လုပ်ငန်းများဆောင်ရွက်နေမှု၊ တိုးတက်မှုနှင့် ရှေ့လုပ်ငန်းစဉ်များကို Powerpoint ဖြင့် ရှင်းလင်းတင်ပြကြသည်။

**ပြန်ကြားရေးလုပ်ငန်းများ**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကဏ္ဍတစ်ခုချင်းအလိုက် ပြန်လည်သုံးသပ်ဆွေးနွေးရာတွင် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ သတင်းများ မှန်ကန်ရန်နှင့် မြန်ဆန်ရန် လိုအပ်ကြောင်း၊ သတင်းမှန်များကို ပြည်သူများသိရှိစေရေး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရန်လိုကြောင်း၊ မြန်မာ့ရိုးရာဂီတနှင့် အနုပညာယဉ်ကျေးမှုများကို ထိန်းသိမ်းရန် ကျင်းပပြုလုပ်မည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ အထွေထွေဗဟုသုတ ကြွယ်ဝစေရန်အတွက် စာပေများဖတ်ရှုနိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများတွင် သီးနှံမျိုးကွဲများ များပြားသည့်အတွက် ရောင်းချမှုနှင့် စီမံခန့်ခွဲမှုများတွင် အခက်အခဲရှိသဖြင့် မျိုးကွဲများ နည်းပါးစေရေး တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အမျိုးတူ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို နည်းစနစ်တကျ စိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းများ ကောင်းမွန်တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ခြင်းဖြင့် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ယန္တရားများဖြင့် စနစ်တကျဆောင်ရွက်နိုင်ရေး ဧကကွက်များ ဖော်ထုတ်ဆောင်ရွက်ရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများတွင်လည်း လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ငါးသယံဇာတများ ပြုန်းတီးမှု လျော့နည်းစေရန်အတွက်လည်း တာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း။

**သမဝါယမလုပ်ငန်းများ**

သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်စီမံကိန်းအနေဖြင့်လည်း အောင်မြင်တိုးတက်မှုများရှိကြောင်း၊ သမဝါယမအသင်းများကို အမှန်တကယ် လုပ်ကိုင်သူများ စုပေါင်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်တိုးချဲ့ဖွဲ့စည်း ဆောင်ရွက်သွားမည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုလုပ်ငန်းများကို ပြန်လည်အားပေးဆောင်ရွက်ပြီး ပြည်တွင်း၌ လူသုံးကုန်ပစ္စည်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတွင် ပါဝင်သောကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်၍ စာရင်းများ မှန်ကန်စွာကောက်ယူနိုင်ရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အဆင့်မြင့်ပညာတက္ကသိုလ်များ တက်ရောက်ရာတွင် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ကျောင်းသား ကျောင်းသူများပိုမိုတက်ရောက်နိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်း၊

**စီမံဆောင်ရွက်လျက်ရှိ**

စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လမ်းများတည်ဆောက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ရန်နှင့် လမ်းအင်္ဂါရပ်များနှင့်လည်း ညီညွတ်ရန်လိုကြောင်း၊ လမ်းနယ်များကို စနစ်တကျ သတ်မှတ်ထားရှိနိုင်ရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုမဖြစ်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျရှိစေရေး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် စည်ပင်သာယာရေးအဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပင်စင်ယူချိန်တွင် နေထိုင်ရန်အိမ်ရာများရှိရန်နှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများရရှိရန် လိုအပ်သကဲ့သို့ပြည်သူများအတွက်လည်း တန်ဖိုးသင့်အိမ်ရာများရရှိရန် လိုအပ်သဖြင့် ရေရှည်အတွက် စဉ်းစား၍ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ထိန်းသိမ်းဆောင်ရွက်ကြရန်လို**

တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသည့် ကောင်စီဝင်များနှင့် တွဲဖက်အတွင်းရေးမှူးတို့က သတင်းထုတ်ပြန်မှုများကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဆောင်ရွက်နိုင်ရေး၊ ပြည်သူ့လုံခြုံရေးစနစ်တည်ဆောက်ရေး၊ CRPH ၊ NUG နှင့် ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှု၊ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းများ ဖော်ထုတ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၄ သို့ ☆

❖ **ဝန်ထမ်းများအနေဖြင့် ပင်စင်ယူချိန်တွင် နေထိုင်ရန်အိမ်ရာများရှိရန်နှင့် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများ ရရှိရန် လိုအပ်သကဲ့သို့ ပြည်သူများအတွက်လည်း တန်ဖိုးသင့်အိမ်ရာများရရှိရန် လိုအပ်သဖြင့် ရေရှည်အတွက်စဉ်းစား၍ ဆောင်ရွက်ပေးရမည်**

❖ **တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမည် ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေါင်းစပ်ဆောင်ရွက်**

❖ **တိုင်းရင်းသားများ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းဆောင်ရွက်ရန်လိုသကဲ့သို့ မြန်မာစာပေ၊ မြန်မာစကားနှင့် မြန်မာ့ယဉ်ကျေးမှုကိုလည်း ထိန်းသိမ်းဆောင်ရွက်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၄၅ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၄၆ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါက်တာဝါဝါမောင်အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

☆ စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ချိန်ကာလအတွင်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်သတ်ဖြတ်မှုများကြောင့် လုံခြုံရေးဝန်ထမ်းများ၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ၊ သံဃာတော်များနှင့် သီလရှင်များ ထိခိုက်သေဆုံးခဲ့ရမှုအခြေအနေ၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ ဖွဲ့စည်း၍ ဒေသအလိုက် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်သွားမည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်မှု။

### ဖြည့်စွက်ဆွေးနွေး

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်မှု၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသူများ ဆက်လက်ထိုးနှံနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် သက်ဆိုင်ရာအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရေး၊ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရန် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ ဦးတည်ချက် (၅) ရပ်ပါ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံသားဖြစ်ခွင့်ရှိသူအားလုံး နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရေးနှင့် နိုင်(၄)၊ ပုံစံ ၆၆/၆ စာရင်းဇယားများ ကွန်ပျူတာတွင်ထည့်သွင်းမှုကို လှုပ်ဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ အချက်အလက်များမှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ ဒေသအလိုက် တာဝန်ရှိသူများက သတ်မှတ်ချိန်အမီ ပြီးစီးနိုင်ရန် ကြပ်မတ်ဆောင်ရွက်သွားရေး၊ ပြည်ထောင်စုအဆင့် အခမ်းအနားများကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟင်းမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးသည်။

### လုပ်ပိုင်ခွင့်များပေးထားပြီးဖြစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ဆွေးနွေးခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဝန်ကြီးဌာနများအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သိရှိရကြောင်း၊ နောင်တွင်လည်း အစည်းအဝေးများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ဆောင်ရွက်ချက်များကို အပြန်အလှန် သိရှိရခြင်းဖြင့် ခြုံငုံသုံးသပ်ဆောင်ရွက်နိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုကို ရရှိစေကြောင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ်မူတည်၍ ရဲရဲတင်းတင်းဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဆောင်ရွက်ရန် အခက်အခဲရှိသည့် ကိစ္စရပ်များကိုလည်း တင်ပြ၍ ပြင်ဆင်ရန် လိုအပ်သည်များကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် လုပ်ပိုင်ခွင့်များပေးထားပြီးဖြစ်ကြောင်း။

အစိုးရတစ်ရပ်သည် ပြည်သူလူထုနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံ၏စီးပွားရေး ခိုင်မာရေးကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအခင်းအကျင်းကို ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခုအခါစီးပွားရေးကိုလည်း အရှိန်အဟုန်မြင့်အောင် ဆောင်ရွက်လျက်ရှိပြီး မိမိတို့မျှော်မှန်းထားသည့်အတိုင်း နိုင်ငံတော်ကိုတည်ဆောက်နိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုလာမည့်ခြောက်လအတွင်း နိုင်ငံတိုးတက်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်း။

### အမှန်တကယ်တတ်မြောက်

ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားကျောင်းသူများအားလုံးကို ပညာသင်ကြားပေးရာတွင် အတန်းအောင်မြင်ရေးထက် အမှန်တကယ်တတ်မြောက်ရေး သင်ကြားပေးရန်လိုကြောင်း၊ အတန်းအောင်မြင်သော်လည်း စာတတ်မြောက်ခြင်းမရှိသဖြင့် စဉ်းစားတွေးခေါ်မှုများတွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်း ပြည်ပမီဒီယာများကလည်း ယင်းကို အမြတ်ထုတ်ကြသည်ကို တွေ့ရကြောင်း၊ မှန်ကန်သည့် ပညာတတ်များဖြစ်စေရေး ပျိုးထောင်ပေးရန်အတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်ပေးရန်လိုကြောင်း။

တက္ကသိုလ်ပညာသင်ကြားရေးတွင် တက္ကသိုလ်မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဘွဲ့ရပြီးချိန်၌ အတတ်ပညာနှင့်ပတ်သက်သည့် လူမှုရေး၊ ကျွမ်းကျင်မှု ပညာရပ်များကို အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း တတ်မြောက်သည့် ပညာရပ်များကို အသုံးချနိုင်မှုသည် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည်များကို ဝိုင်းဝန်းထိန်းကျောင်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များတွင် ပတ်ဝန်းကျင်ကောင်းများရှိစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်သူများ၏ ကျန်းမာရေးသည်လည်း အရေးကြီးကြောင်း၊ ထို့ကြောင့် ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးများ ပြည့်ဝစွာထိုးနှံနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များကိုလည်း လိုက်နာနိုင်ရေးအတွက် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မပေါ့ဆစေလိုကြောင်း၊ ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးအတွက် စားရေရိက္ခာ ပြည့်ဝစွာစားသုံးနိုင်ရန်လိုကြောင်း၊ စားရေရိက္ခာ ပြည့်စုံမှုမရှိပါက ကျန်ရှိသည့်ကိစ္စရပ်များကိုလည်း ထိခိုက်လာနိုင်သည့်အတွက် စားရေရိက္ခာပေါများရေးအတွက် အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားနေခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်သည် ကြိုတင်မှန်းဆ၍ မရနိုင်ဘဲ အချိန်မရွေးဖြစ်ပေါ်လာနိုင်သောကြောင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန် သတိပေး ပြောကြားလိုကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရန် ရေစီးရေလာများ ကောင်းမွန်စေရေး ဒေသအလိုက် နှိုးဆော်တိုက်တွန်း၍ လူထုအားဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

### မအောင်မြင်စရာမရှိ

တိုင်းဒေသကြီးနှင့် ပြည်နယ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းအားထုတ်ပေးကြစေလိုကြောင်း၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ ပူးပေါင်းဆောင်ရွက်သွားမည်ဆိုပါက မအောင်မြင်စရာမရှိကြောင်း၊ ဒေသအလိုက် ဘက်ပေါင်းစုံမှစဉ်းစား၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက် ယခုကဲ့သို့ တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်း ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဩဂုတ် ၁၀

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲမှ လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အတူတကွ လက်ရေတစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများပြုလုပ်၍ တက်ရောက်အားပေးကာအရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုများကို အောင်မြင်အောင်ကြိုးစားသင်ယူပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးရှိရှိပြန်လည်အသုံးချနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၀

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု (Media and Information Literacy) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုသည်မှာ**

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုသည်မှာ မီဒီယာနှင့်သတင်းအချက်အလက်တို့တွင်ပါရှိသည့် အကြောင်းအရာများကို ရယူအသုံးပြုနိုင်ခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ ဖန်တီးခြင်း၊ မျှဝေခြင်းနှင့် အသုံးပြုခြင်းတို့ဖြစ်ကြောင်း။

ယခုသင်တန်းတွင် သင်ကြားသည့် ဘာသာရပ်များကို လက်တွေ့လုပ်ငန်းတွင် အသုံးချနိုင်သည် အထိသင်ယူပြီး မိမိဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်အောင် အသုံးချကြရမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ အသိပညာ၊ ဗဟုသုတများကိုလည်း သင်တန်းတက်ရောက်ခွင့်မရရှိသည့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများကိုလည်း ထပ်ဆင့်မျှဝေပေးစေလိုကြောင်း။

**ကြိုးစားသင်ယူ**

သင်တန်းသားများအနေဖြင့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို အောင်မြင်အောင် ကြိုးစားသင်ယူပြီး လက်တွေ့လုပ်ငန်းတွင် အကျိုးရှိရှိပြန်လည်အသုံးချနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ယခုဖွင့်လှစ်သည့် မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုသင်တန်းကို ဩဂုတ် ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း ၃၀ ဦး တက်ရောက်ကြမည်ဖြစ်ကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သင်တန်းနည်းပြများက မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု မိတ်ဆက်/နောက်ခံ သမိုင်းဘာသာရပ်၊ မြန်မာနိုင်ငံ၏ မီဒီယာနှင့်သတင်းအချက်အလက်ဆိုင်ရာသိနားလည်မှု မူဘောင်နှင့် ဂေဟာစနစ်ဘာသာရပ်၊ သတင်းဆိုင်ရာသိနားလည်မှု ဘာသာရပ်၊ သတင်းအချက်အလက် ဖရိုဖရဲဖြစ်မှု (အခြေခံပုံစံခုနစ်မျိုး) ဘာသာရပ်၊ သတင်းအချက်အလက်မှားများ၊ လုပ်ကြံသတင်း၊ မသမာသတင်းနှင့် အမုန်းစကားများပျံ့နှံ့ရာ လူမှုမီဒီယာများဘာသာရပ်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဘာသာရပ်၊ အမုန်းစကားများနှင့် ယင်း၏ အကျိုးသက်ရောက်မှုများ ဘာသာရပ်နှင့် အချက်အလက်များ စစ်ဆေးခြင်း ဘာသာရပ်များကို သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဗီဒီယိုသတင်းတည်းဖြတ်နည်း ဆင့်ပွားသင်တန်း အင်းစိန်မြို့နယ်၌ဖွင့်

ရန်ကုန် ဩဂုတ် ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဗီဒီယိုသတင်းတည်းဖြတ်နည်း ဆင့်ပွားသင်တန်းကို ယနေ့ နံနက် ၁၀ နာရီတွင် လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

**ရှင်းလင်းပြောကြား**

သင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းနည်းပြများအဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်)ရုံးမှ ဓာတ်ပုံကျွမ်းကျင် -၂ ဦးဖွဲ့ထက်ကိုနှင့် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံးမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးဇင်မင်းထိုက်တို့က ဗီဒီယိုသတင်းရိုက်ကူးနည်း၊ တည်းဖြတ်နည်း၊ အသံသွင်းနည်း၊ အင်တာဗျူးနည်း၊ သတင်းရေးသားနည်း၊ ဗီဒီယိုသတင်းရိုက်ကူးရာတွင် ဆောင်ရန်၊ ရှောင်ရန်များနှင့် Power Director ၊ Kine Master အသုံးပြုနည်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများအား ဩဂုတ် ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်ကြာ နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ



ပန်းတောင်း ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများအနေဖြင့် ပထမသီတင်းပတ်တွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယသီတင်းပတ်တွင် ငါးနှစ်အောက်နှင့် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယသီတင်းပတ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ စတုတ္ထသီတင်းပတ်တွင် အိုင်အိုဒင်းချို့တဲ့မှုရောဂါပပျောက်ရေးနှင့် အစာတွင်အစာအာဟာရဖြည့်စွက်ရေးရက်သတ္တပတ်များအဖြစ် ပန်းတောင်းမြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမ ဒေါ်ခိုင်သဥ္ဇာဝင်းနှင့် အမျိုးသမီးကျန်းမာရေးဆရာမကြီး ဒေါ်ခင်မေသိမ့်တို့က အာဟာရဓာတ်ဆုံးရှုံးမှုနည်းသော ချက်ပြုတ်နည်းများ၊ ကိုယ်ဝန်ဆောင်မိခင်များ မီးမဖွားမီစားသောက်ရမည့် အစာအာဟာရရှိစေမည့် ဆေးဝါးများ၊ အစားအစာများနှင့် အာဟာရအုပ်စု လေးမျိုးအကြောင်းတို့ကို အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။ ဆက်လက်ပြီး အသက်ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေ၊ သံချဆေးများနှင့် ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များအား သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း၊ အာဟာရများထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ အခမ်းအနားသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် နို့တိုက်မိခင်များတက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျုံပျော်မြို့ ဒါးကချောင်းအတွင်းသို့ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ စုပေါင်းငါးမျိုးစိုက်ထည့်

ကျုံပျော် ဩဂုတ် ၁၀

ငါးလုပ်ငန်းဦးစီးဌာနက သဘာဝရေပြင်အတွင်းသို့ ငါးသားပေါက်ကောင်ရေ၅၀၀၀၀၀ အား မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ဒါးကချောင်း၊ သံလျှက်စွန်း၊ ကူးတို့ဆိပ်ရေပြင်၌ ကျင်းပသည်။



ရှေးဦးစွာ ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်က ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ငါးသားပေါက်မျိုးများအား ကျုံပျော်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ကာ ဒါးကချောင်းရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်ပေးကြသည်။

ယနေ့ စိုက်ထည့်သည့်ငါးမျိုးများမှာ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၃၀၀၀၀၀ နှင့် ငါးခုံးမကြီး သားပေါက်ကောင်ရေ ၂၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀၀ ဖြစ်ပြီး ငါးမျိုးစိုက်ထည့်ပွဲသို့ ကျုံပျော်ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုသိမ်စခန်းတာဝန်ခံ ဦးမျိုးနိုင်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းအောင်မော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ရေလုပ်သားများတက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ခြင်းအပေါ် စောင်းငဲ့ကြည့်ခြင်း

အာဆီယံရေးရာဦးစီးဌာန

**သမိုင်းနောက်ခံ**

ကမ္ဘာတစ်ဝန်း၌ ပဋိပက္ခများ များပြားလာသည်နှင့်အမျှ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရေးအစီအစဉ်များသည်လည်း တိုးပွားလာပါသည်။ မြေပြင်၌ အခြေအနေများ တင်းမာမှုအပေါ်မူတည်၍ ပထဝီအနေအထားအရ စည်းခြားမှုမရှိဘဲ ဖြစ်ပေါ်လာသည့် အခြေအနေများကိုလိုက်၍ လူသားချင်းစာနာမှု အကူအညီများပေးအပ်မှု အစီအစဉ်များစွာနှင့် လုပ်ငန်းအစီအစဉ်များစွာကို စီစဉ်ဆောင်ရွက်ကြရပါသည်။

၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း၌ မြန်မာနိုင်ငံတွင် ကပ်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုအခြေအနေ ပြင်းထန်လာသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၁ ခုနှစ်အတွင်း ကျင်းပပြုလုပ်သည့် (၅၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရူနိုင်းနိုင်ငံသို့လိပ်မူ၍ မေတ္တာရပ်ခံခဲ့သည့်အတွက် မြန်မာနိုင်ငံသို့ “သဘာဝဘေးအန္တရာယ် ကျရောက်မှုအတွက် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန (AHA Centre)”မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးအတွက် ဦးဆောင်ဦးရွက်ပြုမှုများ စတင်ခဲ့ခြင်းဖြစ်ပါသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၏ တူညီဆန္ဒ(၅)ချက်၏ စတုတ္ထအချက်နှင့်အညီ AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ကို လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်သည် ကတိကဝတ်ပြုမှုအခမ်းအနားကို ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနား၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများက ငွေကြေးလှူဒါန်းမှုစုစုပေါင်း အမေရိကန်ဒေါ်လာ ၇၀၀၀၀၀၊ ဩစတြေးလျဒေါ်လာ ၅၀၀၀၀၀၀ နှင့် ယူရို ၃၇၀၀၀၀ နှင့် ပစ္စည်းလှူဒါန်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

လှူဒါန်းမှုများနှင့်ပတ်သက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးရှိ AHA Centre ၏ အထူးငွေစာရင်းမှတစ်ဆင့် လက်ခံရယူ၍ စီမံခန့်ခွဲပါသည်။

**သဘောတရားစာတမ်း**

အာဆီယံ၏တူညီဆန္ဒ (၅)ချက်အနက် စတုတ္ထအချက်ကို အကောင်အထည်ဖော်ရန်အတွက် AHA Centre မှ ပြုစုထားသည့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးဆိုင်ရာ သဘောတရားစာတမ်းနှင့်အညီ မြန်မာနိုင်ငံသို့ အကူအညီများကို ပထမအဆင့်၌ အသက်ကယ်ဆယ်ရေးနှင့် ဒုတိယအဆင့်၌ ဘဝရှင်သန်တည်မြဲရေးဟူ၍ အဆင့် (၂)ဆင့် သတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ လုပ်ငန်းအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များကို AHA Centre ၏ အမှုဆောင်ဒါရိုက်တာက ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရေး ဒါရိုက်တာကကြီးကြပ်ကာ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပင်မမိတ်ဖက်အဖွဲ့အစည်းအဖြစ်ဆောင်ရွက်ပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဝန်ထမ်းများ ပါဝင်ခဲ့ပါသည်။

**လူသားချင်းစာနာထောက်ထားမှု အကူအညီလုပ်ငန်းစဉ်များအတွက် မြန်မာနိုင်ငံ၏ စီစဉ်ဆောင်ရွက်ထားရှိမှုများ/ စိတ်အားထက်သန်မှုများ**

မြေပြင်၌ လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးရေးလုပ်ငန်းစဉ်တစ်လျှောက် AHA Centre ၏ ရည်မှန်းချက်ပန်းတိုင်များ ရောက်ရှိနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းစဉ်များ၊ မူဝါဒဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စေရန် မြန်မာလုပ်ငန်းအဖွဲ့ကို မြန်မာနိုင်ငံအစိုးရ၏ အတည်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

> **အာဆီယံ၏တူညီဆန္ဒ (၅)ချက်အနက် စတုတ္ထအချက်ကို အကောင်အထည်ဖော်ရန်အတွက် AHA Centre မှ ပြုစုထားသည့် မြန်မာနိုင်ငံသို့ AHA Centre မှတစ်ဆင့် လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးဆိုင်ရာ သဘောတရားစာတမ်းနှင့်အညီ မြန်မာနိုင်ငံသို့ အကူအညီများကို ပထမအဆင့်၌ အသက်ကယ်ဆယ်ရေးနှင့် ဒုတိယအဆင့်၌ ဘဝရှင်သန်တည်မြဲရေးဟူ၍ အဆင့် (၂)ဆင့်သတ်မှတ်ကာ အကောင်အထည်ဖော်ဆောင်လျက်ရှိ**

ပထမအဆင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများကို မြန်မာလုပ်ငန်းအဖွဲ့၏ Working Group မှတစ်ဆင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre တို့နှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယင်း Working Group သည် မြေပြင်လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရေး လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ကြပါသည်။ မြန်မာလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများအဖြစ် အသီးသီး ဆောင်ရွက်ကြပါသည်။

၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် မေလအထိ မြန်မာလုပ်ငန်းအဖွဲ့မှ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၈)ကြိမ်ကို ကျင်းပပြုလုပ်ခဲ့ပြီး Working Group အဖွဲ့ဝင်များက ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် မြေပြင်၌ လုပ်ငန်းအကောင်အထည်ဖော်မှုကိစ္စရပ်များ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် မူဝါဒလမ်းညွှန်ချက်နှင့် မူဝါဒထိန်းကျောင်းမှုများကို ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။ လုပ်ငန်းအဖွဲ့မှ မူဝါဒလမ်းညွှန်ချက်များ ထိရောက်စွာ ညွှန်ကြားနိုင်ရန်အတွက် Working Group အား နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးဆောင်၍ လူသားချင်းစာနာမှုအကူအညီများပေးအပ်ရေး အကောင်အထည်ဖော်ဆောင်မှုလုပ်ငန်းစဉ်များဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် AHA Centre နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁၁)ကြိမ် ကျင်းပပြုလုပ်ခဲ့ပါသည်။

**ကမ္ဘောဒီးယားနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများ**

အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် ကမ္ဘောဒီးယားနိုင်ငံမှ စတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးသည် လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒုတိယဝန်ကြီးလိုက်ပါလျက် မြန်မာနိုင်ငံသို့ ၂၀၂၂ ခုနှစ် မတ်လ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ လာရောက်ခဲ့ပါသည်။ ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်သည် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီများပေးအပ်ရေး ကိစ္စရပ်များကို ချစ်ခင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ခရီးစဉ်အတွင်း ပထမအဆင့်၌ ပေးအပ်လာသည့် အကူအညီများ သိုလှောင်ထားရှိမှုကို ကြည့်ရှုနိုင်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ သိုလှောင်ရုံသို့ သွားရောက်လေ့လာခဲ့ပါသည်။

**ဖြစ်ပေါ်တိုးတက်မှုများနှင့် အောင်မြင်မှုများ**

ကတိကဝတ်ပြုပွဲအခမ်းအနားနှင့် မြန်မာလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံသို့လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးလုပ်ငန်းစဉ်များအတွက် ညှိနှိုင်းရေးမှူးဖြစ်သည့် အာဆီယံအတွင်းရေးမှူးချုပ်တို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးပြီး ၂၀၂၁ ခုနှစ် ဩဂုတ်လမှစတင်၍ ပထမအဆင့် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရေး လုပ်ငန်းစဉ်များအစပြု၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုကာလသည် ခုနစ်လ ကြာမြင့်ခဲ့ပါသည်။ မြန်မာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့၏ ဆွေးနွေးပွဲမတိုင်မီ အာဆီယံအတွင်းရေးမှူးချုပ်သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ တားဆီး၊ နှိမ်နင်းရေးအတွက် ကာကွယ်ဆေးများ ပံ့ပိုးပေးရန်အတွက် မည်ကဲ့သို့ အကောင်းဆုံး စီစဉ်ဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးသည် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဇွန်လအထိ မြန်မာနိုင်ငံသို့ နှစ်ကြိမ် အလုပ်သဘောခရီးစဉ်လာရောက်ခဲ့ပြီး ပထမအကြိမ်သည် ၂၀၂၂ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိဖြစ်ပြီး ဒုတိယအကြိမ်သည် ၂၀၂၂ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ ၁၁ ရက်နေ့အထိ ဖြစ်ပါသည်။ ခရီးစဉ်အတွင်း မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှု အကူအညီများ ပေးအပ်ရေး လုပ်ငန်းစဉ်များကို ချစ်ခင်ရင်းနှီး ပွင့်လင်းစွာဖြင့် ဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

ဘဝရှင်သန်တည်မြဲရေး အဆင့်(၂)ကို ထိထိရောက်ရောက် အကောင်အထည်မဖော်မီ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် မေလ ၆ ရက်၌ ပြုလုပ်ခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် တက်ကြွစွာပါဝင်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံတစ်ဝန်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရာတွင် သိသိသာသာ တိုးတက်မှုများရရှိစေရန် နည်းလမ်းများကို မြန်မာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့နှင့် ပါဝင်သူများအကြား လက်တွေ့ကျကျ ဆွေးနွေးဖလှယ်ခဲ့ကြသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အာဆီယံလူသားချင်း စာနာထောက်ထားမှုအကူအညီပေးရေးအစီအစဉ်၊ မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်း စာနာမှုအကူအညီပေးရေးဆိုင်ရာ ပူးတွဲကာကွယ်ဆေးထိုးနှံရေးမူဘောင်၊ မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် မြန်မာနိုင်ငံဆိုင်ရာ အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် မိတ်ဖက်များအကြား မြန်မာနိုင်ငံဆိုင်ရာ အာဆီယံလူသားချင်းစာနာမှုအကူအညီပေးရေး ပူးတွဲကာကွယ်ဆေးထိုးမှုဘောင်ကို ၅၀:၅၀အချိုးဖြင့် ဆောင်ရွက်ရန် မူအားဖြင့် သဘောတူညီပြီး မြန်မာနိုင်ငံမှသတ်မှတ်ထားသော နယ်ပယ်များတွင် ရွေ့ပြောင်းစီမံကိန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံက သဘောတူညီခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ပြုလုပ်ခဲ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပါဝင်ခဲ့သည်။

ဒုတိယအဆင့် ဘဝရှင်သန်တည်မြဲရေးစတင်ရန် ရည်ရွယ်ချက်ဖြင့် AHA နှင့် ERAT အဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုဖြင့် ပဲခူးတိုင်းဒေသကြီး (ကျောက်ကြီး)၊ ရှမ်းပြည်နယ် (ပင်းတယ)နှင့် ကယားပြည်နယ် (လွိုင်ကော်)တို့တွင် လိုအပ်ချက်ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ် (JNA)ကို သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် စတင်မိတ်ဆက်ခဲ့ပါသည်။ **စာမျက်နှာ ၇ သို့** ❖

# ပုသိမ်ကြီးမြို့နယ်ရှိ အိမ်ရှေ့မင်းထန်းတောကို ယူနက်စကိုမှတ်တမ်းဝင်နိုင်ရေး သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မန္တလေး ဩဂုတ် ၁၀

**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နှစ်ပေါင်း ၁၆၀ ဝန်းကျင်က ကနောင်မင်းသားကြီး စိုက်ပျိုးခဲ့သော အိမ်ရှေ့မင်းထန်းတောကို ယူနက်စကို မှတ်တမ်းဝင် ထိန်းသိမ်းနိုင်ရေးအတွက် မန္တလေးတက္ကသိုလ်ရုက္ခဗေဒဌာနက ၂၀၁၈ ခုနှစ်မှစတင်၍ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။**



အိမ်ရှေ့မင်း(ကနောင်မင်းသားကြီး)က ၎င်း၏ သားတော် သမီးတော်များအား ယင်းဒေသတစ်ဝိုက်တွင် နေရာသတ်မှတ်၍ ထန်းပင်များစိုက်ပျိုးစေခဲ့ရာ ထန်းပင်ပေါင်း နှစ်သောင်းကျော်ရှိခဲ့သော်လည်း နှစ်ကာလကြာရှည်ခဲ့ပြီဖြစ်၍ ယခုအချိန်တွင် ထန်းပင်ပေါင်း ခြောက်ထောင်ကျော်သာ ကျန်ရှိကြောင်း မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာကလျာလူက ပြောသည်။

**ယနေ့ထိတွေ့နိုင်**

"ထန်းပင်တွေကို အကွက်နေရာချပေးပြီး ကျောက်စာတိုင်လေးတွေနဲ့ စိုက်ခဲ့တာဖြစ်လို့ ယနေ့ထိ တွေ့နိုင်ပါတယ်။ မင်္ဂလာထန်းတောဖြစ်တယ်။ ထန်းပင်မရှိရင် မင်္ဂလာမရှိဘူးဆိုတဲ့ ဒေသခံတွေရဲ့ အစွဲအလမ်းရှိကြသလို ထန်းပင်တွေလာဝယ်တာတောင် ခုတ်လှဲမရောင်းကြဘဲ ထိန်းသိမ်းကြလို့ ထန်းပင်အစုလိုက် တွေ့ရတယ်။ တစ်ဦးဆိုရင် သူ့မြေကွက်ထဲမှာ အပင်တစ်ထောင်လောက်တောင်ရှိတယ်။ Tangible and Intangible Heritage Culture ရှိရာမှာ ထန်းပင်တွေကို လက်ဆုပ်လက်ကိုင်ပြနိုင်တာဖြစ်လို့ ယူနက်စကိုမှတ်တမ်းဝင်ဖို့ ဆောင်ရွက်နေတာပါ"ဟု ၎င်းကပြောသည်။

အိမ်ရှေ့မင်းထန်းတောမှ ထန်းပင်များကို ခုတ်ခွဲခြင်းနှင့် ဒေသဝန်းကျင် လူမှုစီးပွားသုတေသနဆောင်ရွက်ခဲ့ကြရာ ထိုထန်းပင်များမှာ နှစ်ပေါင်းများစွာကြာမြင့်ခဲ့ပြီဖြစ်၍ အပင်၏အနာရွတ်များ မရှိတော့ခြင်း၊ အပင်ပွေးနှစ်ထပ်ရှိခြင်းနှင့် ထန်းလက်နေရာများမှ နှစ်ကွင်း(ထန်းပင်အသက်)များအရ လွန်ခဲ့သောနှစ်ပေါင်း ၁၆၀ ကျော် ရတနာပုံခေတ်က ထန်းပင်များဖြစ်သည်ဟု သိရှိနိုင်ကြောင်း သိရသည်။

"အိမ်ရှေ့မင်းထန်းတောက ထန်းပင်တွေမှာ အပွေး နှစ်ထပ်ရှိတယ်။ နှစ်ပေါင်းများစွာကြာခဲ့တော့ ထန်းရွက်တစ်ရွက်ကြွေသွားရင် Scar လို့ခေါ်တဲ့ အမာရွတ်ကျန်ခဲ့တယ်။ သူ့မှာပါတဲ့ နှစ်ကွင်းတွေအရ နှစ်ပေါင်း ၁၆၀ ဝန်းကျင်ဆိုတာ ခန့်မှန်းနိုင်လို့ ရတနာပုံခေတ်က စိုက်ခဲ့တာလို့ ပြောနိုင်တယ်။ Community base Conservation (အစုအဖွဲ့ကို အခြေခံထိန်းသိမ်းရေး)ဆိုတာ ဘယ်သူမှမခိုင်းဘဲ သူတို့ဘာသာ ထိန်းသိမ်းတာဖြစ်လို့ အလွန်ထူးခြားတယ်"ဟု ဆက်လက်ပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ယူနက်စကို ထိန်းသိမ်းမှုစာရင်းဝင်ရောက်နိုင်ရေးအတွက် မန္တလေးတက္ကသိုလ် ရုက္ခဗေဒဌာန၊ မနုဿဗေဒဌာန၊ သမိုင်းဌာနနှင့် ရှေးဟောင်းယဉ်ကျေးမှုဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သုတေသနရလဒ်များအရ အိမ်ရှေ့မင်းထန်းတောမှ ထန်းသီးများသည် အချိုအဆင့် ၁၃ ရှိသည့်အတွက် မြန်မာနိုင်ငံတွင် အကောင်းဆုံးအရသာရှိပြီး အခြားကောင်းမွန်သော ခုတ်ခွဲတွေ့ရှိချက်များကြောင့် ဒေသခံများအတွက် လူမှုစီးပွားရေး အထောက်အကူပြုစားသောက်ကုန်ထုတ်ခြင်း စသည့်လုပ်ငန်းများ ဖော်ဆောင်ပေးရန် ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပုသိမ်မြို့နယ်၌ ရေသန့်စင်စနစ် ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ပုသိမ် ဩဂုတ် ၁၀**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းအား ဇင်ပြွန်းကုန်း ကျေးရွာအုပ်စု ကြည်သာကျေးရွာ၌ တင်ဒါအောင်မြင်သော တော်ကုမ္ပဏီက ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့သည်။



ထို့နောက် တိုင်းဒေသကြီးဦးစီးမှူးက အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး လမ်းညွှန်ခဲ့ပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သန့်စင်ဆောင်ရွက်နိုင်မည်**

အဆိုပါ ရေသန့်စင်စနစ်အား LifeStraw Max လေးယူနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ တစ်နာရီ ရေသန့်စင်နှုန်း လီတာ ၄၀၀ မှ လီတာ ၆၀၀ အထိ သန့်စင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။ ကျေးရွာများတွင် ရေသန့်စင်စနစ် ဆောင်ရွက်ပေး နိုင်ခဲ့ခြင်းကြောင့် ကျေးရွာသူ ကျေးရွာသားများ သန့်ရှင်းသော သောက်သုံးရေ သောက်သုံးနိုင်မည် ဖြစ်ကြောင်း သိရသည်။

၂၂၂

# ကြို့ပင်ကောက်မြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှု အသိပညာပေးဟောပြော

**ကြို့ပင်ကောက် ဩဂုတ် ၁၀**



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ကျောင်းသားလူငယ်များအား ကျန်းမာရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အထက(ဘုရင့်နောင်) ကျောင်းတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကျောင်းကျန်းမာရေး တာဝန်ခံဆရာဝန် ဒေါက်တာခိုင်သဥ္ဇာ ဦးဆောင်သော ကျန်းမာရေးအဖွဲ့ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရန် အာဟာရမျှတစွာစားသုံးရေး အာဟာရပြည့်ဝစွာစားသုံးရမည့် အစာအုပ်စုများအကြောင်း၊ ကိုဗစ်-၁၉ မျိုးကွဲသစ်ရောဂါ၊ မျောက်ကျောက်ရောဂါ၊ သန်ကောင်တုတ်ကောင်ရောဂါ အကြောင်းသိကောင်းစရာများ၊ စနစ်တကျသွားတိုက်နည်းနှင့် သွားနှင့်ခံတွင်းဆိုင်ရာရောဂါများအကြောင်းကို အသိပညာပေး ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရည်ကျန်းမာရေး စစ်ဆေးခြင်းနှင့် သန်ချဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်ခြင်းလုပ်ငန်းကို ကြို့ပင်ကောက်မြို့နယ်အတွင်း အခြေခံပညာ မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် အလှည့်ကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

❖ စာမျက်နှာ ၆ မှ

AHA Center မှ သတ်မှတ်ထားသော နယ်ပယ်များတွင် လိုအပ်ချက်ပူးတွဲလေ့လာ ဆန်းစစ်ခြင်းလုပ်ငန်းစဉ် (JNA)၏ အောင်မြင်မှုသည် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ Task Force ၏ လှိုက်လှိုက်လှဲလှဲ ပံ့ပိုးကူညီဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည်။

**မြန်မာနိုင်ငံ၏ ကတိကဝတ်**

အချိန်အားဖြင့် တစ်လကျော်ကြာမြင့်ပြီးနောက် အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီ ဒုတိယအဆင့်အား မြန်မာနိုင်ငံအစိုးရထံမှ ခွင့်ပြုချက်ရရှိထားပြီးဖြစ်သည့် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် လုံခြုံစွာဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံအနေဖြင့် လိုလိုလားလား စောင့်ဆိုင်းလျက်ရှိပါသည်။

လိုအပ်ချက် ပူးတွဲလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ်၏ ရလဒ်များအပေါ်အခြေခံ၍ အာဆီယံ AHA Centre အနေဖြင့် ဒုတိယအဆင့် ဘဝရှင်သန်တည်မြဲရေးလုပ်ငန်းစဉ်များကို လုပ်ငန်းအစီအစဉ်ထဲတွင် ဖော်ပြထားသည့်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

မြန်မာအစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေး လုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများ၊ အေဂျင်စီများ၊ တာဝန်ရှိသူများနှင့်အတူ AHA Centre ၏ လုပ်ငန်းအဖွဲ့နှင့်သာမက အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်ရေးအဖွဲ့ (ASEAN-ERAT) တို့နှင့်ပါ လုပ်ငန်းစဉ်တစ်ခုလုံး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တစ်လျှောက်လုံးတွင် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် AHA Centre က သတ်မှတ်ထားသည့်ဒေသများတွင် လိုအပ်ချက် ပူးတွဲလေ့လာဆန်းစစ်ခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် AHA Centre က ဆောင်ရွက်သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ၏ နယ်နိမိတ်အတွင်း လုံခြုံရေး ဦးစားပေးဆောင်ရွက်နေသည့်နေရာများတွင်သက်ဆိုင်ရာဒေသအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် အထောက်အကူပြုသော ပတ်ဝန်းကျင်တစ်ခု မကြာမီအချိန်အတွင်း ပေါ်ပေါက်၍ လုပ်ငန်းစဉ်ပြီးမြောက်အောင်မြင်ရေးအပေါ် ခိုင်မာစွာဆန္ဒပြုလျက်ရှိပါသည်။ ။

## အပူပိုင်းမုန်တိုင်း "မူလန်" မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများသို့ လေပွေလှိုင်းအဖြစ်ရောက်ရှိနိုင်ပြီး နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၀

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "မူလန်"သည် အနောက်- အနောက်မြောက်ဘက် သို့ ရွေ့လျားပြီး ဩဂုတ် ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံ အထက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ပြီးနောက် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများသို့ လေပွေလှိုင်းအဖြစ်ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အပူပိုင်းမုန်တိုင်း "မူလန်" ၏ အရှိန်ကြောင့် ဩဂုတ် ၁၁ ရက်မှ ၁၄ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားသည်။ **မိုး/ဇလ**

**❍ အားအနည်းငယ်မှ**

ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်း စသည့်ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။ လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးပို့သွားမည်ဖြစ်သည်။ **မိုး/ဇလ**

**☆ ကျိုးရီးယန်းတောင်မှ**

ကျိုးရီးယန်းတောင်သည် ချင်းပြည်နယ်တွင် ထင်ရှားသောကျောက်တောင်ကြီးတစ်ခုဖြစ်ပြီး ထန်တလန်မြို့မှ ၄၃ မိုင်ခန့်အကွာတွင် တည်ရှိ၍ ဟားခါး - ထန်တလန် - ဆာဆီချောက် ကားလမ်းမကြီးဖြင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ ကားလမ်းပေါက်ပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာ အပန်းဖြေနိုင်သော နေရာဖြစ်ခြင်း၊ သစ်ပင်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝခြင်း၊ ဘူမိရုပ်သွင် ထူးခြားသောဒေသဖြစ်ခြင်းတို့ကြောင့် ကာကွယ်ထိန်းသိမ်းရန်ရည်ရွယ်၍ သတ်မှတ်ဖွဲ့စည်းခြင်းဖြစ်ပါသည်။

အမျိုးသားဥယျာဉ်အတွင်း ချင်းပြည်နယ်၏ အမှတ်အသားသင်္ကေတဖြစ်သော တောင်ဇလပ်ဖြူ၊ တောင်ဇလပ်နီနှင့် ချယ်ရီပင်များ ပေါက်ရောက်ပြီး သဘာဝတောအနေအထားများ ကောင်းမွန်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသည့်တောဆိတ်၊ တောင်ဆိတ်၊ ကျားသစ်နှင့် သင်းခွေချပ် စသည့်တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ခြင်း၊ ဘူမိရူပသွင်ပြင်ထူးခြားသည့် သဘာဝကျောက်ဆောင်ကျောက်တန်းများနှင့် ရေတံခွန်များတည်ရှိခြင်းနှင့် ရှည်လျားပြီး လူတစ်ရပ်ခန့်မြင့်သည့် လိုဏ်ဂူအတွင်း သေးငယ်သည့် လင်းနို့များစွာ တွေ့ရှိရခြင်းတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ စုံလင်သဖြင့် ကျိုးရီးယန်းတောင် အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ညောင်လေးပင်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ပါ အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်နေမှု ၈၃ ရာခိုင်နှုန်းကျော် ပြီးစီး

ညောင်လေးပင် ဩဂုတ် ၁၀

မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားများအားလုံး ကိုယ်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်မဲပေးနိုင်ရန် မဲစာရင်းမှန်ကန်ရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)ပါ အချက်အလက်များကို ကွန်ပျူတာဖြင့်ဖြည့်သွင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၁၈ ရက်မှ စတင်၍ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၉ ရက်အထိ ၈၃ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ညောင်လေးပင်မြို့နယ်အတွင်း အိမ်ထောင်စု ၃၇၁၅၁ စုကို Software Program ဖြင့် ကွန်ပျူတာများအသုံးပြု၍ ဖြည့်သွင်းရမည်ဖြစ်ပြီး ဩဂုတ် ၉ ရက်အထိ အိမ်ထောင်စု ၃၀၉၄၂ စု ရာခိုင်နှုန်းအားဖြင့် ၈၃ ဒသမ ၂၉ ရာခိုင်နှုန်း ဖြည့်သွင်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



ညောင်လေးပင်မြို့နယ်အတွင်း၌ (၆၆/၆)အိမ်ထောင်စုများကို Software Program ဖြင့် ကွန်ပျူတာများအသုံးပြု၍ သတ်မှတ်ရက်ထက်ဆောလျင်စွာ ဖြည့်သွင်းပြီးစီးနိုင်ရေးအတွက် ကွန်ပျူတာ ၂၆ လုံးဖြင့် ညောင်လေးပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၂၈ ဦးတို့မှ နေ့ဆိုင်း/ညဆိုင်းအဖွဲ့များခွဲကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွန်ပျူတာအတွင်းသို့ ဖြည့်သွင်းရန်ကျန်ရှိနေသေးသည့် အိမ်ထောင်စု ၆၂၀၉ စုကိုလည်း သတ်မှတ်ရက်ထက်ဆောလျင်စွာ ဖြည့်သွင်းပြီးစီးနိုင်ရေးအတွက် ညောင်လေးပင်ခရိုင် အုပ်ချုပ်ရေးမှူး၊ ညောင်လေးပင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှတာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဆီဆိုင်မြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဆီဆိုင် ဩဂုတ် ၁၀

ရှမ်းပြည်နယ် (တောင်ပိုင်း)ဆီဆိုင်မြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဈေးအတွင်းစားသောက်ဆိုင်များ မီးစနစ်တကျအသုံးပြုရန်နှင့် အရေးပေါ်မီးငြိမ်းသတ်နိုင်ရန် ပညာပေးခြင်း၊ တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးများ အသုံးပြုနိုင်မှုရှိ၊ မရှိနှင့်သက်တမ်းလွန်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဈေးအတွင်း အရေးပေါ်မီးငြိမ်းသတ်နိုင်ရန် မြို့နယ်စည်ပင်သာယာရေးဌာနမှ တပ်ဆင်ထားသည့်မီးသတ်ရေငုတ်များ၊မီးသတ်ဆေးဘူးနှင့်မီးသတ်ရေပိုက်များ ကြံ့ခိုင်မှုရှိ၊ မရှိစစ်ဆေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **၂၁၀**

## အင်းတော်မြို့နယ်၌ မိုးနေကြာမျိုးစေ့ထုတ်စံပြကွက်ငါးဧက စိုက်ပျိုးပြီးစီး

အင်းတော် ဩဂုတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကြီးကျေးရွာ ကွင်းအမှတ် ၁၀၂၄ ရှိ တောင်သူဦးဝင်းဇော်ဦး၏စိုက်ခင်းတွင် ယနေ့နံနက် ၈ နာရီက ဆင်းရွှေကြာ(၂)မျိုးစေ့ထုတ်စံပြကွက်ငါးဧက စိုက်ပျိုးပွဲအခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊တောင်သူများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ပြီး အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသိန်းခိုင်က တောင်သူများကို ဆင်းရွှေကြာ(၂)မျိုးစေ့များပေးအပ်ခဲ့ပြီး မျိုးစေ့ထုတ်နေကြာစိုက်ပျိုးနည်းစနစ်များနှင့် နေကြာစိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ အင်းတော်မြို့နယ်တွင် ဆီထွက်သီးနှံဆောင်းနေကြာ ဧက ၁၁၅၆၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ မျိုးစေ့များစုဆောင်းခြင်း၊ တောင်သူများကို နေကြာစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာသင်တန်းများ၊ ကွင်းသရုပ်ပြပွဲများ



ဆောင်ရွက်လျက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသိန်းခိုင်ထံက သိရသည်။

**အေးမြသက်ထား**

## ပေါက်တောမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပေါက်တော ဩဂုတ် ၁၀

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ် မိုးရာသီ(ဒုတိယအကြိမ်)မြို့နယ်အဆင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို မင်းပြားမြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ကြီးကြပ်မှုဖြင့် ပေါက်တော-နတ်တောင်ပြင်သွား ကားလမ်းဘေး လည်ရိုးတော်ဓာတ် (ဓာတ်တောင်) ဘုရားအနီး၌ ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာတွင် ပေါက်တောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဗိုလ်မှူး အောင်ဇင်သန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘုရားဂေါပကအဖွဲ့ဝင်များက မန်ဂျန်ရှား ၂၅၀၊ ခရေ ၅၀၊ ပိတောက် ၅၀၊ သပြေ ၅၀ စုစုပေါင်း ပျိုးပင် ၄၀၀ကို စိုက်ပျိုးကြသည်။



ပေါက်တောမြို့နယ်အတွင်း ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မြို့နယ်အဆင့် နှစ်ပွဲ၊ ပျိုးပင်ပေါင်း ၁၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသံခဲအောင်ထံမှ သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပညာပေးသင်တန်းဆင်းပွဲ ကျင်းပ

ကျိုက်ထို ဩဂုတ် ၁၀

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (စိုက်ပျိုးရေး) ပညာပေးသင်တန်းကို ကျိုက်ထိုမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးတွင် ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့သည်။

**ဆွေးနွေးပို့ချ**

အဆိုပါသင်တန်းသို့ ကျိုက်ထိုမြို့နယ် ဘုရားကြီးကျေးရွာမှ တောင်သူ ၂၀ တက်ရောက်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဆွေးနွေးပို့ချခဲ့သည်။ သင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ဆောင်ရွက်ခဲ့ပြီး ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **၂၂၂**

# ကိုယ်တိုင်ရွေးချယ်သောခရီး ......

သိန်းထွန်း (IR)

ကိုယ့်အလုပ်တာဝန်နဲ့ကိုယ်ဆိုတော့ မိသားစုနဲ့ခွဲပြီး အလုပ်ရှိတဲ့မြို့မှာပဲ နေရတာကြာပါပြီ။ အရင်က အလုပ်ပါးတဲ့အခါ ရုံးပိတ်ရက်မှာ အိမ်ပြန်ဖြစ်တယ်။ မပြန်ဖြစ်ဘူးဆိုရင်တောင် သုံးလတစ်ကြိမ်လောက် ပြန်ဖြစ်တယ်။ အခုဆို အိမ်မပြန်ဖြစ်တာနှစ်ပေါက်တော့မယ်။ အိမ်မှာ အလုပ်ကိစ္စလေးတွေလည်း ရှိနေတာမို့ အဆင်ပြေကြလား သွားကြည့်ချင်နေတာ။ လိုင်းကားနဲ့ပြန်ရင် ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေ နှစ်ရက်တည်းဆို ရောက်ပြန်ပဲ။ အိမ်တော့ပြန်ရပါရဲ့ ပင်ပန်းတာနဲ့ ကုန်ကျစရိတ်နဲ့ မကာမိဘူး။ အိမ်ပြန်လို့ ကုန်ကျမယ့်စရိတ်ကို အိမ်အသုံးစရိတ်ထဲထည့်လိုက်တော့ တစ်ဖက်က အဆင်ပြေသွားလို့ အိမ်မပြန်ဖြစ်တာလည်းပါတာပေါ့။

ပြီးခဲ့တဲ့အပတ်ထဲကတော့ အိမ်ပြန်ဖို့အခွင့်သင့်၊ အကြောင်းသင့်ခဲ့ပါတယ်။ တစ်ရုံးတည်းက သူငယ်ချင်းကို ပြောမိတယ်။ အိမ်မပြန်ဖြစ်တာ နှစ်ပေါက်တော့မယ်၊ နောက်တစ်ပတ်ရုံးပိတ်ရက်အိမ်ပြန်ဦးမယ်ကွာလို့။ သူငယ်ချင်းက ချက်ချင်းပဲ ရုံးပိတ်ရက်ပြန်မှာလား၊ ငါလိုက်ပို့မယ်၊ ငါလည်း ခြေဖဝါးယားနေတာ အပျင်းပြေသွားကြတာပေါ့ ..လို့ လိုလိုလားလား ပြောလာတော့ ဝမ်းသာလိုက်တာ။ သူငယ်ချင်းက ကျွန်တော့်လိုပဲ သူ့အိမ်ကနယ်ဝေးမှာ၊ ဒါပေမဲ့ သူ့မှာ အိမ်ထောင်မရှိဘူး။ တစ်ကိုယ်တည်းသမား။ သူ့အိမ်က ငွေကြေးအဆင်ပြေတော့ သူ့ကိုယ်ပိုင်ကားလေးနဲ့သူ။ ကိုယ့်အိမ်ပြန်မှာကို သူ့ကားနဲ့လိုက်ပို့မယ်ဆိုတော့ လုပ်ဖော်ကိုင်ဖက် အတွင်းသိ အစင်းသိဆိုပေမယ့် အားတော့နာသား။ ကျွန်တော်အားနာနေတာကိုသိတော့ သူငယ်ချင်းက –

"မင်း အားနာမနေနဲ့၊ ရုံးပိတ်ရက် ငါလည်းပျင်းနေမှာ။ အလည်အပတ် သွားချင်နေတာနဲ့ အတော်ပဲ ။ ငါ့ကားနဲ့သွားမယ်"

"ကျေးဇူးပဲ သူငယ်ချင်းရာ၊ မင်းကားနဲ့သွားတော့ ငါ့အတွက် ပိုအဆင်ပြေတာပေါ့"

ဒါနဲ့ စနေနေ့နံနက်အစောကြီးပဲ သူငယ်ချင်းနှစ်ယောက် အဆောင်က ထွက်ခဲ့ကြတယ်။ နံနက် ၅ နာရီလောက်ကတည်းက ထွက်လာပြီး လမ်းကြမှ စားစရာ တစ်ခုခုစားကြမယ်ပေါ့။ အချိန်လည်းရတော့ သူငယ်ချင်းက အေးအေးဆေးဆေးပဲ မောင်းလာတယ်။ ကျွန်တော့်သူငယ်ချင်းက အေးဆေးတယ်။ သူ့မှာ ပူပင်စရာမရှိဘူး။ အိမ်ကလည်း အထိုက်အလျောက် ပိုက်ဆံရှိ၊ ညီအစ်ကိုမောင်နှမတွေကလည်း သူ့အလုပ်နဲ့ သူအဆင်ပြေကြတော့သူငယ်ချင်းအတွက်က နောက်ဆံတင်းစရာမရှိဘူး။ သူဝါသနာပါတဲ့အလုပ်မို့ အိမ်နဲ့ခွဲနေပြီး လာလုပ်နေတာ။ ကျွန်တော်က မိသားစုမပါတော့ သူနဲ့နှစ်ယောက်သားတွဲမိတယ်။

**ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ**

ရုံးမှာဆိုရင် သူနဲ့ကျွန်တော်နဲ့က အလုပ်လည်း အတူတူ၊ နေတာလည်း အတူတူဆိုတော့ ဆိုးတူကောင်းဖက်လို ဖြစ်နေတာ။ သူငယ်ချင်းက ကျွန်တော့်မိသားစုအကြောင်း အကုန်သိထားတယ်။ ကျွန်တော့်မိသားစုနဲ့လည်း တစ်ခါဆုံဖူးတယ်။ ကျွန်တော့်အိမ်က လူကြုံရှိလို့ စားစရာထည့်ပေးရင် သူနဲ့ကျွန်တော့်အတွက် နှစ်ယောက်စာ ထည့်ပေးတာ။ မိဝေးဖဝေး၊ မိသားစုဝေး ဘဝတွေဆိုတော့ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးပါပဲ။ ဘဝတွေဆိုတာက ပျော်ရာမှာမနေရ၊ တော်ရာမှာနေရလို့ ပြောပေမယ့် တစ်ခါတလေကြ သင့်တော်ပေမယ့် ပျော်ရွှင်မှုကင်းမဲ့နေရင် ရေရှည်မှာ ဘယ်လောက်အထိ နေနိုင်မှာလဲ။ လူတိုင်းမှာက ဘဝအခြေအနေတွေ၊ စိတ်ခံစားချက်တွေ၊ ရည်မှန်းချက်တွေ၊ ဝါသနာတွေ မတူတတ်ကြတော့ စိတ်ရယ်၊ ကိုယ်ရယ်၊ အလုပ်ရယ် တစ်ထပ်တည်းဖြစ်ဖို့ အခက်သား။ အဲဒီတော့ အဆင်ပြေအောင်နေကြတာပဲ။

"လက်ဖက်ရည်သောက်ရအောင်ကွာ".. လို့ သူငယ်ချင်းပြောလိုက်မှ အတွေးပြတ်သွားတယ်။ နံနက်စာက ဘာမှမစားခဲ့ရတော့ ဗိုက်ဆာပြီ။ ကျွန်တော်သာ ကိုယ့်အတွေးနဲ့ကိုယ်မို့ ဗိုက်ဆာတာကို သတိမရတာ။

"အေး မင်းပြောမှ ငါလည်း ဗိုက်ဆာတာ သတိရတယ်.. အဆင်ပြေတဲ့ဆိုင် ဝင်လိုက်လေ"

သူငယ်ချင်းနှစ်ယောက် ကားလမ်းဘေးတွေ့တဲ့ဆိုင်လေးမှာပဲ ပလာတာစား၊ လက်ဖက်ရည်သောက်လိုက်တယ်။ ဆိုင်လေးက ခရီးတစ်ထောက်နားတွေအတွက် ဖွင့်ထားတာဖြစ်မယ်။ မြို့မနီး၊ ရွာမနီးနဲ့ ဆိုင်ဖွင့်ထားတာ။ ခရီးသွားကား သုံးစီးရပ်ထားပြီး ကိုယ့်လိုပဲ စားနေကြတယ်။ သူ့ဟာသူတော့ စားလို့အဆင်ပြေသား။ လမ်းခုလတ်မှာ ဆိုင်လေးဖွင့်ထားတော့ ခရီးသွားကားတွေအတွက် ကားနား၊ လူနားနားလို့ကောင်းတယ်။ ပတ်ဝန်းကျင်မှာလည်း တမာပင်ကြီးတွေနဲ့၊ နေ့လယ်နေ့ခင်းဆို အေးနေမှာပဲ။

ဆိုင်ကို ထန်းရွက်တွေမိုးထားတော့ အညာဒေသအပူဒဏ်ခံနိုင်မှာ။ ဆိုင်လေးကို တစ်ပိုင်တစ်နိုင်ဖွင့်ပြီး အေးအေးလူလူ လုပ်ကိုင်စားနေတာ စိတ်ချမ်းသာမယ့်ပုံ။ ဆိုင်ရှင်က အေးအေးဆေးဆေးနဲ့။ ဆိုင်ထဲရောက်လာတဲ့ဧည့်သည်တွေကို သူ့ဆွေမျိုးသားချင်းမှတ်သလား မသိပါဘူး။ စကားတွေ လာပြောနေလိုက်တာ။ အေးချမ်းတဲ့ဘဝဆိုတာ ဒါကိုပြောတာထင်တယ်လို့ တွေးမိတယ်။ အဲဒီလို အေးချမ်းတဲ့ဘဝကို လိုချင်လိုက်တာ၊ ဘဝရဲ့အမောတွေ၊ လောဘဒေါသမောဟတွေနဲ့ ကင်းကင်းပဲနေချင်ပြီ။

> **ဗုဒ္ဓဘာသာမှာ လောကီအကျိုး၊ လောကုတ္တရာအကျိုးဖြစ်စေတဲ့ ဘဝနေနည်းတွေ လမ်းညွှန်ပြသထားတာရှိပါတယ်။ စောင့်ထိန်းရမယ့်၊ လိုက်နာရမယ့်၊ ကျင့်ကြံရမယ့်တရားတွေပါ။ လောကပါလတရားလိုပဲ လောကနဲ့ လောကလူသားတွေကို အကျိုးဖြစ်စေတဲ့တရားတွေပါ။ ဒါပေမဲ့ အဝိဇ္ဇာဆိုတဲ့အမှောင်တွေ ဖုံးလာချိန်မှာတော့ ကိုယ်တိုင်လိုက်နာရမယ့်တရားတွေ သတိမရတော့ဘဲ အမှားအမှန်၊ အကောင်းအဆိုး၊ သင့်၏မသင့်၏၊ ကိုယ့်အကျိုး၊ အများအကျိုး၊ သံသရာအကျိုးဆိုတာတွေ ရောထွေးလာပြီပေါ့။ ဒီတော့ သံသရာခရီးဆိုတာက အခုအိမ်ပြန်တဲ့ခရီးလို မဟုတ်တာတော့သေချာတယ်**

သူငယ်ချင်းနှစ်ယောက် စားပြီးလို့ နာရီဝက်လောက်နေတော့ ဆက်ထွက်လာခဲ့ကြတယ်။

**သံသရာခရီးဆိုရင်**

နှစ်ယောက်သား စကားတပြောပြောနဲ့ မောင်းလာရင်း မိုးလေးဖွဲဖွဲကျလာတယ်။ "မိုးကျလိုက်တာ အပူသက်သာသွားတယ်ကွ"လို့သူငယ်ချင်းက ဆိုတယ်။ မိုးကျလာတော့ ကားလမ်းပေါ်က နိမ့်နေတဲ့နေရာတွေမှာ ရေတင်ကျန်နေတယ်။ ရေတင်ကျန်တဲ့နေရာတွေရောက်ရင် ချိုင့်ခွက်ရှိမှာစိုးလို့ သူငယ်ချင်းက ကားကို ဖြည်းဖြည်းပဲ မောင်းနေပါတယ်ဆိုမှ မျက်နှာချင်းဆိုင်ကလာတဲ့ ကားတစ်စီးက အရှိန်နဲ့ဖြတ်မောင်းသွားလိုက်တာ ကျွန်တော်တို့ကား အတွင်းဘက်ခြမ်းမှာ ရွှံ့တွေပေကုန်ရော။ ရေ့မှန်လည်း ရွှံ့ရေတွေနဲ့။ ကျွန်တော်က ..

"ဩော်.. လူတွေနော် ခရီးသွားချင်း ကိုယ်ချင်းမစာဘူးကိုး"လို့ပြောလိုက်တော့ သူငယ်ချင်းက ဘာမှမဖြစ်သလိုပါပဲ။ အိမ်ရောက်မှ ကားကို ရေဆေးလိုက်မယ်လို့ ကျွန်တော့်ဘက်လှည့်ပြောလိုက်ပြီး သူ့ကားသူသတိနဲ့ဆက်မောင်းနေတယ်။ နောက်ပြီးမှ

"ဒီခရီးမှာက ဘာမှမဖြစ်ပါဘူး၊ ကားရွှံ့ပေရုံပဲ။ ရေဆေးလိုက်ရင် ပြောင်သွားမှာ။ သံသရာခရီးဆိုရင် ဘယ့်နှယ်နေကြမလဲ မသိဘူး .. ကားကို ရွှံ့ပေလို့ ရေဆေးသလို ပြောင်သွားပါ့မလား" ဆိုပြီး စဉ်းစဉ်းစားစား ပြောလာတယ်။

ဒါလည်းဟုတ်တာပဲ။ ဒီလိုခရီးအတွက်က ရွှံ့ပေတာအသေးအမွှားပါပဲ။ ဒါပေမဲ့လူ့အသိုက်အဝန်းထဲမှာ နေရပြီဆိုရင် အနည်းဆုံးတော့ သူ့ဘက်ကိုယ့်ဘက် ရှိကြတာမဟုတ်လား။ အရာရာကို ငါဖို့ တစ်ခုတည်း အမြင်နဲ့ကြည့်မယ်ဆိုရင် သဟဇာတဖြစ်ဖို့ အတော်ခက်မယ်။ သူငယ်ချင်းပြောသလို သံသရာခရီးဆိုရင် ဘယ့်နှယ်လုပ်ကြမလဲ။ သံသရာထဲမှာ သူ့ခရီးသူသွား ကိုယ့်ခရီးကိုယ်သွား။ လူဆိုတာက သံသရာခရီးသွားတွေပဲ။ ကံကြမ္မာဆုံလို့ လူ့ဘဝမှာ ခဏတစ်ဖြုတ်တွေ့ကြတာ။ ဒီလိုတွေ့ဆုံကြတဲ့ အချိန်လေး ကောင်းသောတွေ့ဆုံခြင်း၊ တစ်ယောက်နဲ့တစ်ယောက် အကျိုးပြုတဲ့ တွေ့ဆုံခြင်းဆိုရင် နှစ်ဦးနှစ်ဖက် ကျေနပ်စရာတွေပဲပေါ့။ အဲဒါဆို ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလိုက်မလဲ။

**ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုးပြုအောင်**
**ပြုမူပြောဆိုကျင့်ကြံ**

ကျွန်တော်တို့ ဒီကနေ့ရှင်သန်ရပ်တည်နေကြတာ သံသရာခရီးထဲက ဘဝတစ်ခုစာမှာပဲ မဟုတ်လား။ သံသရာခရီးနဲ့ဆိုရင် မျက်စိတစ်မှိတ်၊ လက်တစ်ဖျစ်စာ အချိန်လေး။ အဲဒီလို အချိန်တိုလေးထဲမှာ ဝင်သူဝင်၊ ထွက်သူထွက်ကြနဲ့။ ဘယ်ဘဝကို သွားပါလို့ ကိုယ့်မှာပြောပိုင်ခွင့်မရှိ၊ မသွားပါနဲ့လို့လည်း တားပိုင်ခွင့်မရှိ။ မိဘမို့လို့၊ မောင်နှမသားချင်းမို့လို၊ မိတ်ဆွေတွေမို့လို့ဆိုပြီး ပြောလို့ရတာလည်း မဟုတ်ဘူး။ ကိုယ့်ဘဝနဲ့ကိုယ် ဝင်လိုက်၊ထွက်လိုက်။ မှတ်မှတ်ရရထွက်သွားတဲ့ သူတွေလည်းရှိရဲ့၊ လူမသိ သူမသိ ထွက်သွားသူတွေလည်းရှိရဲ့။ ခေတ္တခဏ ဆုံလာကြတဲ့ လူ့ဘုံလောကမှာ ပျော်ရွှင်နေတဲ့သူတွေကိုလည်း တွေ့ရတယ်၊ သောကနဲ့သူတွေကိုလည်း တွေ့ရတယ်။ ဘဝကို ကျေနပ်နေတဲ့သူ၊ မကျေမနပ်ဖြစ်နေတဲ့သူ အစုံပဲ။ သံသရာခရီး ဆက်မသွားရခင် အထိတော့ တစ်ကိုယ်စာဘဝတွေနဲ့ နပန်းလုံးနေလိုက်ကြတာ။ ဘဝတန်ဖိုးဆိုတာကို သတိမေ့နေတတ်ကြပြီး လက်ရှိတစ်ဘဝစာလေးထဲမှာကို အမျိုးမျိုးဖြစ်နေကြတာ။ အဲဒီလိုတွေထဲမှာ ကိုယ်တိုင်က ပစ္စုပ္ပန်အကျိုး၊ သံသရာအကျိုးပြုအောင် ပြုမူပြောဆိုကျင့်ကြံမှ အခုဘဝ၊ နောင်ဘဝဆိုတာတွေ ကောင်းမှာပေါ့။

တစ်ဘဝစာအတွက်ကတော့ လူတိုင်း ရှင်သန်ရပ်တည်နေကြတာပဲ။ သံသရာခရီးမှာတော့ တစ်ဘဝစာထက် ပိုစဉ်းစားဖို့လိုလာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သံသရာထဲ ဘယ်လိုခရီးဆက်ရမလဲဆိုတာမှ မသိနိုင်တာကိုး။ ဓမ္မပဒထဲက ရက်ကန်းသည် သတို့သမီးဝတ္ထုမှာ မြတ်စွာဘုရားရဲ့အမေးကို ရက်ကန်းသည်မလေး ဖြေသလိုပါပဲ။ ဘယ်ကလာမှန်းမသိ၊ ဘယ်သို့သွားမှန်းမသိ၊ သေခြင်းတရားကိုသိ၊ ဒါပေမဲ့ ဘယ်အချိန်သေမှာကိုတော့ မသိဆိုတဲ့ အဖြေဟာ သံသရာခရီးသွားတိုင်းကြုံတွေ့ကြရမှာ။ ဒါကိုသိဖို့ မြတ်စွာဘုရားက အကြင်သူတို့အား ပညာတည်းဟူသော မျက်စိသည်မရှိ။ ထိုသူတို့သည် ကန်းသောသူတို့ မည်ကုန်သည်သာတည်း၊ အကြင်သူတို့အား ပညာတည်းဟူသော မျက်စိရှိသည်ဖြစ်၏။ ထိုသူတို့ သာလျှင် မျက်စိအမြင်ရှိသော သူတို့မည်ပေ၏ဟု ဟောတော်မူခဲ့တာ။

အဲဒီလိုပါပဲ။ သံသရာခရီးမှာ ဘယ်ကိုဆက်သွားရမယ်ဆိုတာ ကျွန်တော်မသိဘူး။ ကျွန်တော့်သူငယ်ချင်းလည်း မသိနိုင်ဘူး။ မသိတဲ့အပြင် ကျွန်တော်တို့ဟာ ကိုယ့်သံသရာခရီးဆိုတာကို သတိမထားမိဘဲ ရောက်နေတဲ့ဘဝလေးထဲမှာ လောက အနှောင်အဖွဲ့တွေနဲ့ ရစ်ပတ်နေမိပြန်ရော။ ဘယ်အချိန်ကျမှ သတိရမိတတ်လဲဆိုတော့ လူ့ဘဝ နောက်ဆုံးအချိန်ကျမှ သတိဝင်လာတတ်ကြတယ်။ အဲဒီအချိန်မှာ ကိုယ်သွားရမယ့်ခရီးက ကောင်းချင်လည်း ကောင်းမယ်၊ ဆိုးချင်လည်း ဆိုးမယ်။ ကောင်းကောင်း၊ ဆိုးဆိုး လူတိုင်းသွားကြရမယ့်ခရီးပဲ။ မြတ်စွာဘုရားတောင်မှ ဘုရားမဖြစ်ခင်အထိ ဘဝမျိုးစုံကျင်လည်ခဲ့ရတာပဲ မဟုတ်လား။ ကျွန်တော်တို့အတွက် ကိုယ်သွားရမယ့်ခရီးကို ဘယ်သူသတ်မှတ်တာလဲ။ သူငယ်ချင်းက ပြောတယ်။

"ငါတို့ သွားရမယ့်ဘဝကို ငါတို့ကိုယ်တိုင် ရွေးခဲ့ကြတာပေါ့ကွာ" တဲ့။

အင်း ..ဟုတ်တာပဲ။ မြတ်စွာဘုရားဟောထားတယ်။ ကမ္မဿ ဥပ္ပါဒါ ကြဒံ ဥပ္ပဇ္ဇတိ အကြောင်းဖြစ်လို့ အကျိုးဖြစ်တာတဲ့။ ငါတို့ လုပ်လိုက်တဲ့အရာတွေက အကြောင်းတရားတွေဆိုတော့ အဲဒီ အကြောင်းတရားအတိုင်းပဲ အကျိုးတရားတွေ ဖြစ်လာကြမှာ။ အတိတ်က ကံအကြောင်းတရားတွေနဲ့ အခုဘဝပြုလိုက်တဲ့ ကံအကြောင်းတရားတွေကပဲ ငါတို့ရဲ့ သံသရာခရီးကို ပြဋ္ဌာန်းသွားကြမှာ .. ဒါကြောင့် လူကြီးသူမတွေက ပြောကြတယ်လေ .. သံသရာမကြောက် ငရဲမကြောက် မလုပ်ကြနဲ့လို့။

"ငါတို့တစ်တွေ ဘဝရဲ့အချိန်တွေကို အတော်ဖြုန်းခဲ့ပြီကွ"လို့ ကျွန်တော်ကပြောတော့ သူငယ်ချင်းက

"ဆင်သေကောင်ပေါ်က ကျီးလို ကမ်းမမြင် လမ်းမမြင် ပျော်နေကြတာလေ" တဲ့။

**ပညာမျက်စိပေါ်မှာပဲ မူတည်**

**လူ့ဘဝဆိုတာ ရခဲလှတယ်လို့ မြတ်စွာဘုရားက ဟောခဲ့ပါတယ်။ ဘုရားဖြစ်အောင် ကြိုးစားခွင့်ဆိုတာတောင် လူ့ဘဝမှာပဲ ရတာဆိုတော့ သံသရာခရီးအတွက် အကောင်းဆုံးအခွင့်အရေးပါပဲ။ အဲဒီလို ရခဲလှတဲ့ လူ့ဘဝကို ကျွန်တော်တို့ရောက်လာကြတာဟာ အတိတ်အတိတ်က ကံအကြောင်းတရားတွေရဲ့ အကျိုးတွေမဟုတ်လား။ ရခဲလှတဲ့ လူ့ဘဝရောက်ပြီးခါမှ လက်ဗလာနဲ့ထွက်သွားကြမလား၊ အရှုံးတွေနဲ့ ထွက်သွားကြမလား၊ ပိုကောင်းတဲ့ အကြောင်းတရားတွေနဲ့ ထွက်သွားကြမလားဆိုတာက မြတ်စွာဘုရားဟောတဲ့ ပညာမျက်စိပေါ်မှာပဲ မူတည်ကြမှာပေါ့။**

ဗုဒ္ဓဘာသာမှာ လောကီအကျိုး၊ လောကုတ္တရာအကျိုးဖြစ်စေတဲ့ ဘဝနေနည်းတွေ လမ်းညွှန်ပြသထားတာ ရှိပါတယ်။ စောင့်ထိန်းရမယ့်၊ လိုက်နာရမယ့်၊ ကျင့်ကြံရမယ့် တရားတွေပါ။ လောကပါလတရားလိုပဲ လောကနဲ့ လောကလူသားတွေကို အကျိုးဖြစ်စေတဲ့တရားတွေပါ။ ဒါပေမဲ့ အဝိဇ္ဇာဆိုတဲ့ အမှောင်တွေ ဖုံးလာချိန်မှာတော့ ကိုယ်တိုင်လိုက်နာရမယ့်တရားတွေ သတိမရတော့ဘဲ အမှားအမှန်၊ အကောင်းအဆိုး၊ သင့်၏မသင့်၏၊ ကိုယ့်အကျိုး၊ အများအကျိုး၊ သံသရာအကျိုးဆိုတာတွေ ရောထွေးလာပြီပေါ့။ ဒီတော့ သံသရာခရီးဆိုတာက အခုအိမ်ပြန်တဲ့ခရီးလို မဟုတ်တာတော့သေချာတယ်။

အဲဒီလိုစဉ်းစားမိတော့ "သူငယ်ချင်းရေ မင်းကို အများကြီးကျေးဇူးတင်ပါတယ်ကွာ"လို့ ကျွန်တော် ပြောလိုက်မိတယ်။

သူငယ်ချင်းက အံ့ဩတဲ့မျက်နှာနဲ့ "ဘာဖြစ်လို့တုံး .. ကားနဲ့လိုက်ပို့လို့လား" ..တဲ့။

"ကားနဲ့လိုက်ပို့တာရော .. အိမ်အပြန်ခရီးကနေ သံသရာခရီးအတွက် ဆင်ခြင်စရာတွေ ရခဲ့လို့ပါကွာ"။

အိမ်ပြန်ခရီးကို ချောချောမွေ့မွေ့ပြန်နိုင်ပေမယ့် သံသရာခရီးကို ဆက်ကြရပါဦးမယ်။ အချိန်တွေကတော့ သူ့သဘောသူဆောင် ဆက်သွားနေကြလေပြီ။ ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၈-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၄၀ | ၂၁၈၅ | ၂၁၈၀ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၁၈၀ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၂၇၂၀ |
| 95 Ron | ၂၂၁၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၀ | ၂၂၅၅ | ၂၂၈၀ | ၂၂၆၅ | ၂၂၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၉၅ | ၂၂၉၅ | ၂၅၁၅ | ၂၇၈၅ |
| HSD (500 ppm) | ၂၄၄၀ | ၂၄၉၀ | ၂၄၈၅ | ၂၄၅၀ | ၂၄၈၅ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၅ | ၂၅၉၀ | ၂၅၈၅ | ၂၄၈၀ | ၂၄၉၀ | ၂၅၂၅ | ၂၅၂၅ | ၂၅၂၅ | ၂၇၄၅ | ၃၀၈၅ |
| HSD (50 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၅ | ၂၅၅၀ | ၂၅၆၅ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၁၅ | ၃၁၂၀ |
| HSD (10 ppm) | ၂၅၁၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၅ | ၂၆၆၀ | ၂၆၅၅ | ၂၅၅၀ | ၂၅၆၅ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၁၅ | ၃၁၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၃၈ | ၂၁၁၃ |
| 95 Ron | ၂၁၀၈ | ၂၁၈၃ |
| HSD (500 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (50 ppm) | ၂၄၀၀ | ၂၄၇၈ |
| HSD (10 ppm) | ၂၄၀၀ | ၂၄၇၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဩဂုတ် ၁၀**

သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၇၈) ကို ဩဂုတ် ၁၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် ပွင့်နဒီမောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၁၂၊ ၁၃ နှင့် ၁၄ ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာပြည်သိန်းတန်၏ " သီချင်းဒိုင်ယာရီ - ၄ " တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ နိုင်ငံကျော်အဆိုတော်ကြီး မြန်မာပြည်သိန်းတန်၏ **"သီချင်းဒိုင်ယာရီ - ၄"** တေးဂီတဖျော်ဖြေပွဲကို Friday Night Live Show တင်ဆက်မှုအဖြစ် ဩဂုတ် ၁၂ ရက် (သောကြာနေ့) ည ၈ နာရီပြည်တွင်းသတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာပြည်သိန်းတန်နှင့်အတူ မျိုးဆက်သစ်တေးသံရှင်များဖြစ်ကြသည့် စောဒယ်နီရယ်၊ ရေဂျီနား၊ ချိုမီမီဇော်နှင့် အိအိလှိုင်တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ သရုပ်ဆောင်နေဒွေးနှင့် သဥ္ဇာမြင့်မိုရ်တို့ကလည်း အားဖြည့်တင်ဆက်ပေးကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "(၃၈)ဖြာမင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် ဩဂုတ် ၁၀**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဇာတ်သဘင်ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် "(၃၈)ဖြာမင်္ဂလာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှ စတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

**အဆုံးအမများစွာ ပါဝင်**

အဆိုပါ (၃၈)ဖြာမင်္ဂလာ အစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာ ပါဝင်သည့် ကာလေန ဓမ္မဿဝနံ (သင့်လျော်သောအခါ တရားတော်နာကြားခြင်း) အစီအစဉ်ကို ဩဂုတ် ၁၃ ရက် (စနေနေ့) ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းတင်ဆက်မှုကို ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန်ရှုဝံ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ရွှေဘုန်းကံ၊ ရန်ရှင်းမောင်၊ ထက်မြတ်အောင်၊ ပန်းကဗျာ၊ ဖူးပွင့်ရွှေရည်လှိုင်၊ ခတ်လင်း၊ ဒိုးဇက်နှင့် သဘင်




ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထို့အပြင် ဩဂုတ် ၁၇ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီ သတင်းအပြီးတွင် ယင်းအစီအစဉ်ကို ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စားသုံးသူများ ဘေးကင်းလုံခြုံရေး အရည်အသွေးပြည့်ဝသည့် စားသောက်ကုန်များဖြစ်စေရန် စစ်ဆေးမှုကိုခံယူ

မေယု-မျိုးအောင် (MANA)

စားသောက်ကုန်အတုနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်များ အားနည်းမှုသည် မြန်မာနိုင်ငံသာမက ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဆင်းရဲနွမ်းပါးသောနိုင်ငံအများအပြားတွင် ရင်ဆိုင်နေရသည့် ပြဿနာဖြစ်သည်။ အန္တရာယ်ရှိသော ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များ၊ ကပ်ပါးပိုးများ သို့မဟုတ် ဓာတုဗေဒပစ္စည်းများပါဝင်သော အစားအစာများသည် ရောဂါပေါင်း ၂၀၀ ကျော်ကို ဖြစ်စေသည်။

WHO ၏ ခန့်မှန်းချက်များအရ ဘေးမကင်းသော အစားအစာများ၏ အကျိုးသက်ရောက်မှုသည် ဝင်ငွေနည်း၊ ဝင်ငွေအလယ်အလတ်ရှိသော စီးပွားရေးလုပ်ငန်းများကို နှစ်စဉ် အမေရိကန်ဒေါ်လာ ၉၅ ဘီလီယံခန့်ဆုံးရှုံးစေကြောင်း သိရသည်။ စားသောက်ကုန်များ ဘေးကင်းလုံခြုံမှုမရှိခြင်းကြောင့် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သော တရုတ်နိုင်ငံထုတ် နို့မှုန့်ကိစ္စ၊ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၆ ခုနှစ်တို့တွင် ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါပျံ့နှံ့မှုကြောင့် ထိုင်းနိုင်ငံ၏ စားသောက်ကုန်တင်ပို့မှုနှင့် ခရီးသွားလုပ်ငန်းကို ထိခိုက်ခဲ့မှုတို့မှာ စံပြနမူနာများ ဖြစ်သည်။

**လိုအပ်ချက်များစွာရှိနေ**

မြန်မာနိုင်ငံတွင် အစားအသောက်များ၌ ကူးစက်ရောဂါပိုးမွှားများ ပါဝင်နေမှု၊ စားသောက်ကုန်များ၌ ဆိုးဆေးပါဝင်မှု၊ အတုအပရှိနေမှု၊ ဓာတုဆေးဝါး ထည့်သွင်း အသုံးပြုမှုကြောင့် အစာအဆိပ်သင့်မှုများ စသည်တို့ဖြင့် ရင်ဆိုင်နေကြရသည်။ အချို့သော စားသောက်ကုန်များသည် စားသုံးရန်မသင့်လျော်ကြောင်း၊ ယုံကြည်စိတ်ချရမှုမရှိကြောင်း သိရှိနေသော်လည်း အများပြည်သူအချို့မှာ ရွေးချယ်စရာမရှိဖြစ်ကာ မျက်စိမှိတ် ဝယ်ယူစားသုံးနေကြရသည့်အတွက် ရောဂါမျိုးစုံဖြစ်ပွားခြင်း၊ အစာအဆိပ်သင့်ခြင်း စသည့်ဆိုးကျိုးများကို ခံစားရလေ့ရှိသည်။ စားသုံးသူများကို အကာအကွယ်ပေးနိုင်ရေးအတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများရှိပြီးဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်များစွာရှိနေသဖြင့် အစားအစာနှင့် စားသောက်ကုန်များ၏ ဘေးကင်းလုံခြုံမှုကို လက်လှမ်းမမီနိုင်ဖြစ်နေကြရသည်။

စားသောက်ကုန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာက စားသုံးရန် သင့်၊ မသင့် စသည့်အသိပေးနှိုးဆော်ချက်များကို မကြာခဏ ထုတ်ပြန်လေ့ရှိသည်။ ကြေညာချက်အများစုသည် အစားအသောက်များ၌ ခွင့်မပြုထားသော ဆိုးဆေးနှင့် ဓာတုပစ္စည်းများ ပါဝင်ခြင်း၊ မြေပဲဆီအချို့တွင် စားအုန်းဆီများ ရောနှောထားခြင်း၊ ငရုတ်သီးမှုန့်များ၌ မှိုအဆိပ် ပါဝင်နေခြင်း ဖော်ပြချက်များဖြစ်သည်။ ထိုသို့ သတိပေးရုံမှတစ်ပါး ထိရောက်စွာအရေးယူနိုင်မှုမှာ အားနည်းနေဆဲဖြစ်သည်။ နေ့စဉ် လူမှုစီးပွားဘဝတွင် မသုံးမဖြစ် လိုအပ်လျက်ရှိသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူအသုံးပြုနေကြရသည်။ ပြည်သူများအနေဖြင့် ဈေးနှုန်းသက်သာသော အသုံးဝင်သည့် နှစ်သက်ရာကုန်ပစ္စည်းများကို ရွေးချယ်ဝယ်ယူ အသုံးပြုကြရာတွင် အရည်အသွေး မမီခြင်းဟူသောအချက်သည် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် ကုန်ပစ္စည်းများ ပါဝင်လာသည်။

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ဖြေရှင်းဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ ပြည်သူများအနေဖြင့် အစောပိုင်းကာလက ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအပေါ်တွင်သာ လုံးလုံးလျားလျား မှီခိုအားထားနေရပေသည်။ ကုန်ပစ္စည်းအရည်အသွေး စစ်မှန်ခြင်း၊ မစစ်မှန်ခြင်းကို အထူးဆန်းစစ်ခြင်းမပြုနိုင်ဘဲ နှစ်သက်သဘောကျနိုင်သည့် မျက်မြင်အနေအထားနှင့် ဈေးနှုန်းအပေါ်မူတည်ကာ ရွေးချယ်ဝယ်ယူအသုံးပြုကြသည်။ အရည်အသွေးမမီ၊ မစစ်မှန်သည့် ကုန်ပစ္စည်းများ ဝယ်ယူအသုံးပြုမိပါက ကျန်းမာရေး ထိခိုက်ပြီး ထိခိုက်နစ်နာ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်။ နေ့စဉ်မဖြစ်မနေ ဝယ်ယူသုံးစွဲနေကြသည့် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်း၊ အလှကုန်များ အရည်အသွေးပြည့်ဝရေး၊ အာနိသင်ပြည့်မီရေးတို့သည် အလွန်အရေးကြီးသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကုန်ပစ္စည်းများကို စိတ်ချလက်ချ ဝယ်ယူအသုံးပြုနိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူများအနေဖြင့် ချမှတ်ထားသည့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိပါက အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများကို နီးနွယ်ဌာနများနှင့်ပူးပေါင်းပြီး စနစ်တကျဆောင်ရွက်နေသည်ကို တွေ့ရသည်။

**အစစ်အမှန် ဟုတ်၊ မဟုတ် စိစစ်ရန် အရေးကြီး**

ဇူလိုင်လ ၂၇ ရက်နေ့က ထိုင်းနိုင်ငံ ပထုမ်ဌာနီခရိုင်တွင် အချိုမှုန့်အတုနှင့် ကြက်သားမှုန့်အတု ထုတ်လုပ်သည့် နေရာသုံးနေရာကို စီးပွားရေး ရာဇဝတ်မှု နှိမ်နင်းရေးအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ရာ ကာလတန်ဖိုး ဘတ်သန်း ၂၀ ရှိသော အတုထုပ်လုပ်ထားသည့် သက်သေခံပစ္စည်းများကို သိမ်းဆည်းရမိကြောင်း ထိုင်းသတင်းစာများက ဖော်ပြသည်။ သံသယတရားခံ သုံးဦးအပါအဝင် အချိုမှုန့်အတု၊ အချိုမှုန့်အတုထုတ်လုပ်သည့် ကုန်ကြမ်း၊ အချိုမှုန့်ထုပ်ပိုးသည့် အိတ်၊ အချိုမှုန့်ထုပ်ပိုးသည့် ဂျပ်ဖာ၊ ထုပ်ပိုးရာတွင် အသုံးပြုသည့် ကိရိယာ စသည့်အရေအတွက်အားဖြင့် ၅၄၄၄၅ ခုရှိသော သက်သေခံပစ္စည်း ၂၁ ခု သိမ်းဆည်းနိုင်ခဲ့သည်ဟု ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံထုတ် အချိုမှုန့်၊ ကြက်သားမှုန့်များကို အစားအသောက်များ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုလေ့ရှိရာ မိမိတို့သုံးစွဲနေသည့် ယင်းပစ္စည်းများ အစစ်အမှန် ဟုတ်၊ မဟုတ်ဆိုသည်ကို စိစစ်ရန်မှာ အရေးကြီးသည့်ကိစ္စဖြစ်သည်။

ဈေးကွက်တွင် ထုတ်လုပ်ရောင်းချနေသော ကုန်ပစ္စည်းများအားလုံးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးနိုင်ရန်မှာ လွယ်ကူလှသည့်အလုပ်မဟုတ်ပေ။ ထုတ်ကုန်ပစ္စည်းများအပေါ်တွင် သက်ဆိုင်ရာက စစ်ဆေးပြီးကြောင်း အမှတ်တံဆိပ်များ ထည့်သွင်းဖော်ပြစေပြီး ထိုအမှတ်တံဆိပ်များ ပါရှိမှသာ စိတ်ချလက်ချဝယ်ယူအသုံးပြုသင့်သည်။ ယင်းကို ထုပ်ပိုးကုန်များအပေါ်တွင် များသောအားဖြင့် လုပ်ဆောင်နိုင်ကြပြီး ထုပ်ပိုးကုန်မဟုတ်သည့် လက်ငင်းစားသောက်ကုန်ပစ္စည်းများတွင်မူ စစ်ဆေးပြီးကြောင်း အမှတ်အသားများ ပါဝင်နိုင်ရန် မလွယ်ကူသဖြင့် ပြည်သူများအနေဖြင့် အာမခံချက်မပါဘဲ စားသောက်နေရသည့်သဘောရှိသည်။ ဥပမာအားဖြင့် နံနက်စာစားသောက်သည့် အစားအစာများတွင် ကျန်းမာရေးကို ထိခိုက်စေသော စားသောက်ကုန်များစွာရှိနေသည်။

**စစ်ဆေးရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာနအောက်၌ သီးခြားဦးစီးဌာနအဖြစ် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ နေပြည်တော် (ရုံးချုပ်)၊ ရန်ကုန်(ရုံးခွဲ)၊ မန္တလေး(ရုံးခွဲ)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ရုံး ၁၂ ရုံးနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၁၃ ခုတို့တွင် တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါတွင် ခရိုင်အဆင့်ရုံး ၃၃ ခုအထိ တိုးချဲ့ဖွဲ့စည်းထားနိုင်ပြီဖြစ်၍ စစ်ဆေးရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူများအနေဖြင့် နေ့စဉ်အသုံးပြုနေသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စိတ်ချလက်ချ ဝယ်ယူအသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။ မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ မြောက်မြားစွာရှိသည်။ မြောက်မြားစွာရှိသော လုပ်ငန်းငယ်လေးများက ပြည်တွင်းလိုအပ်ချက်၊ စားသုံးကုန်၊ လူသုံးကုန် လိုအပ်ချက်များကို တစ်တပ်တစ်အား ဖြည့်ဆည်းပေးလျက်ရှိသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအား နိုင်ငံတော်က အားပေးမြှင့်တင်ထောက်ပံ့ ကူညီပေးလျက်ရှိသည်။ ပြည်တွင်း ကုန်ထုတ်လုပ်ငန်းများကို လုပ်ကိုင်ရာ၌ တရားဝင်ဖြစ်တည်မှုနှင့် အရည်အသွေးသတ်မှတ်ချက်ပြည့်မီမှုအတွက် ပူးပေါင်းလက်တွဲ စစ်ဆေးမှုခံယူရန် အားနည်းလျက်ရှိသည်။

> **အရည်အသွေးစစ်ဆေးရေး FDA ထောက်ခံချက်ရယူထားသော လုပ်ငန်းအနည်းငယ်သာရှိသည်။ ထိုသို့ နည်းနေသည်မှာ မိမိတို့၏အရည်အသွေးမပြည့်မီမှုကို မထုတ်ဖော်လို၍လည်းကောင်း၊ အစစ်အဆေးခံယူရာတွင် အခက်အခဲများရှိနေ၍လည်းကောင်း၊ အသိပညာဗဟုသုတ နည်းနေ၍လည်းကောင်း အကြောင်းတစ်ခုခုရှိနိုင်သည်။ စီးပွားရေးအတွက် သတ်မှတ်ထားသော လုပ်ငန်းစဉ်များကို မဖြစ်မနေလုပ်ကိုင်ရမည်သာဖြစ်သည်။ အရည်အသွေးစစ်ဆေးမှုကိုခံယူခြင်းဖြင့် စားသုံးသူပြည်သူများအတွက် အကျိုးကျေးဇူးရှိသကဲ့သို့ လုပ်ငန်းအတွက်လည်း ပြန်လည်အကျိုးသက်ရောက်မှုရှိနိုင်**

အရည်အသွေးစစ်ဆေးရေး FDA ထောက်ခံချက်ရယူထားသော လုပ်ငန်းအနည်းငယ်သာ ရှိသည်။ ထိုသို့ နည်းနေသည်မှာ မိမိတို့၏ အရည်အသွေးမပြည့်မီမှုကို မထုတ်ဖော်လို၍လည်းကောင်း၊ အစစ်အဆေးခံယူရာတွင် အခက်အခဲများရှိနေ၍လည်းကောင်း၊ အသိပညာဗဟုသုတ နည်းနေ၍လည်းကောင်း အကြောင်းတစ်ခုခု ရှိနိုင်သည်။ စီးပွားရေးအတွက် သတ်မှတ်ထားသော လုပ်ငန်းစဉ်များကို မဖြစ်မနေ လုပ်ကိုင်ရမည်သာဖြစ်သည်။ အရည်အသွေးစစ်ဆေးမှုကိုခံယူခြင်းဖြင့် စားသုံးသူပြည်သူများအတွက် အကျိုးကျေးဇူးရှိသကဲ့သို့ လုပ်ငန်းအတွက်လည်း ပြန်လည်အကျိုးသက်ရောက်မှု ရှိနိုင်သည်။ ထုတ်ကုန်ပစ္စည်းများ၌ သတ်မှတ်ထားသော ကုန်ထုတ်လုပ်မှု စံချိန်စံညွှန်းများနှင့် ခွင့်ပြုချက်များ ဖော်ပြထားပြီး ကုန်ပစ္စည်းများတွင် အချက်အလက်များ ပြည့်စုံစွာပါရှိမှ တရားဝင်အတည်ဖြစ်သည်။ စားသုံးသူပြည်သူများမှာ ဦးစွာ ပိုမိုအရေးပါသည့်သူများဖြစ်ပြီး စားသုံးသူနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများကို သတိထားရန်လိုအပ်သလို ထိုသို့သိရှိမှတ်သား လိုက်နာဆောင်ရွက်တတ်သည့် အလေ့အထများလည်း ရှိရန်လိုသည်။

စားသုံးသူနှင့်ပတ်သက်သည့် အခွင့်အရေးများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် အသိပညာဗဟုသုတများပေးဝေနိုင်ရန် လိုအပ်နေသည်။ မြန်မာနိုင်ငံတွင် စားသောက်ကုန်များနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်း၏ အခြေခံအကြောင်းရင်းမှာ ပြည်သူအများစု ဆင်းရဲနွမ်းပါးမှုနှင့် အကြောင်းသက်ဆိုင်သည်။ ပြည်သူအများစုမှာ အလုပ်အကိုင်နှင့်ဝင်ငွေရရှိမှုနှင့် ငွေကြေးတန်ဖိုးကို အမီမလိုက်နိုင်သဖြင့် ရသည့်ဝင်ငွေနှင့်ကာမိစေရန် ဈေးပေါရာ၊ သက်သာရာတို့ကို ဝယ်ယူအသုံးပြုရာ စားသောက်ကုန်လိုအပ်ချက်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ အစားအသောက်ကြောင့် စားသုံးသူများ အန္တရာယ်မဖြစ်စေရန်အတွက် လိုက်နာရမည့်အလေ့အထများကို စိုက်ပျိုးချိန်မှစ၍ ထုတ်လုပ်ချိန်၊ ထုပ်ပိုးချိန်၊ ဖြန့်ချိချိန်နှင့် လက်ဝယ်အရောက် ပြင်ဆင်စားသောက်ချိန်အထိ လိုက်နာရေးမှာ အများပြည်သူကျန်းမာရေးအတွက်သာမက အာဟာရဖူလုံရေး၊ တစ်ဦးချင်းစီးပွားရေး၊ နိုင်ငံစီးပွားရေး၊ ပြည်ပတင်ပို့မှုမှသည် ထိုနိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအားလုံးအတွက် စိန်ခေါ်နေသည်။

**နစ်နာမည်မှာ စားသုံးသူများဖြစ်**

စားသောက်ကုန်ပစ္စည်းများ အရည်အသွေးမမီမှု၊ မစစ်မှန်မှုများရှိလျှင် နစ်နာမည်မှာ စားသုံးသူများ ဖြစ်ပေမည်။ မြန်မာနိုင်ငံတွင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် စားသုံးသူရေးရာဆိုင်ရာ အလေ့အထများကို ပိုမိုကျယ်ပြန့်စွာ ဝိုင်းဝန်းပြုလုပ်ပေးရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် သင့်တင့်မျှတသည့် စားသောက်နေထိုင်မှုဘဝများကို ဖန်တီးတတ်စေရန် ပြုလုပ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် မဖွံ့ဖြိုးသေးသည့် ဖွံ့ဖြိုးစနိုင်ငံဖြစ်ရာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်ထွန်းကားလာပြီး ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်ပြီး သင့်တင့်မျှတစွာဖြင့် နေထိုင်စားသောက်တတ်ရေးအတွက် အရည်အသွေးပြည့်မီပြီး ပြည်သူများနှင့် ဆီလျော်ညီညွတ်မှုရှိသည့် စားသောက်နေထိုင်မှုပုံစံသစ်များရရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

အစားအသောက်များ၊ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်စည်းကမ်းများ လိုက်နာစေရေးတို့အတွက် အထူးကြပ်မတ်လုပ်ဆောင်သင့်သည်။ စည်းကမ်းချိုးဖောက်သူများကို ထိရောက်စွာအရေးယူခြင်း၊ စားသောက်ကုန်ထုတ်လုပ်သည့် စက်ရုံများမှကောင်းမွန်သည့် စက်မှုထုတ်လုပ်တင်သွင်းသည့် အစားအသောက်နှင့် ကုန်စည်များကို စောင့်ကြည့်စစ်ဆေးခြင်းတို့ကိုလည်း အလေးထားလုပ်ဆောင်သင့်သည်။ ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးပြည့်ဝသော အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ကြီးကြပ်ရေးလုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်သွားနိုင်မှသာလျှင် စားသုံးသူများအတွက် ဘေးကင်းလုံခြုံနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၀၀၀ အား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၉-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၀၀) အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၉၄,၉၇၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၂၇၆) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၃,၀၄၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၉-၈-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၂၅၆,၄၉၈) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၁၇၀,၆၀၂) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသားကျောင်းသူများ၊ ကျောင်းနေပြင်ပကလေးများနှင့် ပြည်သူများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လအတွင်း ရောက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၁၀-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၂၁) ခု | (၁၉)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၇) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၃၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၀၀) ခု | (၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၉) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၉၄၉) ခု | (၁၀)ဦး |
| စုစုပေါင်း | (၆,၀၀၀) ခု | (၃၆)ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၉-၈-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၂၅၆,၄၉၈ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၁၇၀,၆၀၂ |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၁၂၈၉၀၇ | ၈၉၂၇၀၁၅၃ | ၁၀၅၉၆၄၁ |
| ၂။ | အိန္ဒိယ | ၄၄၁၉၀၆၉၇ | ၄၃၅၃၅၆၁၀ | ၅၂၆၈၂၆ |
| ၃။ | ပြင်သစ် | ၃၄၁၁၇၈၈၈ | ၃၃၁၀၅၆၅၉ | ၁၅၂၈၂၂ |
| ၄။ | ဘရာဇီး | ၃၄၀၆၆၀၀၀ | ၃၂၈၅၄၃၄၁ | ၆၈၀၅၉၈ |
| ၅။ | ဂျာမနီ | ၃၁၃၇၉၇၅၇ | ၂၉၈၆၉၇၀၀ | ၁၄၅၂၄၁ |
| ၆။ | ဗြိတိန် | ၂၃၃၆၈၈၉၉ | ၂၂၉၃၃၉၄၄ | ၁၈၅၀၅၂ |
| ၇။ | အီတလီ | ၂၁၃၆၈၄၈၀ | ၂၀၁၇၆၇၂၇ | ၁၇၃၄၂၆ |
| ၈။ | တောင်ကိုရီးယား | ၂၀၈၄၅၉၇၃ | ၁၉၁၂၀၈၄၈ | ၂၅၃၈၂ |
| ၉။ | ရုရှား | ၁၈၇၇၀၆၅၇ | ၁၈၀၇၅၇၂၀ | ၃၈၂၉၀၂ |
| ၁၀။ | တူကီယဲ | ၁၆၂၉၅၈၁၇ | ၁၅၈၇၅၁၂၁ | ၉၉၆၇၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၃၅၃၅၇၃ | ၉၉၉၇၁၃၆ | ၄၃၀၉၅ |
| ၂။ | အင်ဒိုနီးရှား | ၆၂၆၁၆၀၅ | ၆၀၅၂၄၁၃ | ၁၅၇၁၄၉ |
| ၃။ | မလေးရှား | ၄၇၁၄၄၉၈ | ၄၆၃၅၇၃၇ | ၃၆၀၄၄ |
| ၄။ | ထိုင်း | ၄၆၁၁၇၄၁ | ၄၅၅၈၉၄၇ | ၃၁၆၉၈ |
| ၅။ | ဖိလစ်ပိုင် | ၃၈၁၃၉၅၂ | ၃၇၁၇၀၂၈ | ၆၀၈၈၉ |
| ၆။ | စင်ကာပူ | ၁၇၇၁၀၈၈ | ၁၆၈၁၆၃၂ | ၁၅၄၂ |
| ၇။ | မြန်မာ | ၆၁၄၂၇၆ | ၅၉၃၀၄၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၂၀၂၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၁၁၁၅၇ | ၂၀၅၇၇၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၁၁၇ | ၁၃၃၇၇၇ | ၃၀၅၆ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၇ ဘီလီယံရှိ

ဖနောင်ပင် ဩဂုတ် ၁၀

တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် ယခုနှစ် ပထမနှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၇ ဘီလီယံရှိကြောင်း ကမ္ဘောဒီးယားအကောက်ခွန်ဌာနမှ ပြောကြားချက်အရ သိရသည်။

တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိက ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အခြားကုန်သွယ်ဖက်နိုင်ငံများမှာ ဗီယက်နမ်၊ အမေရိကန်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုးသည် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၈ ဘီလီယံရှိပြီး ၎င်းကုန်သွယ်မှုတန်ဖိုး၏ ၂၁ ရာခိုင်နှုန်းကို တရုတ်နိုင်ငံက ရရှိသည်။

တရုတ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့တင်ပို့သော ပို့ကုန်များမှာ ကြိတ်ခွဲပြီးဆန်၊ သရက်သီး၊ ပီလောပီနံ၊ ငါးနှင့် အထည်အလိပ်များဖြစ်ပြီး တရုတ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်တင်သွင်းသည့် ကုန်ပစ္စည်းများမှာ အထည်ချုပ်လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်း၊ စက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ စားသောက်ကုန်များ၊ လျှပ်စစ်ပစ္စည်းများနှင့် ဆေးဝါးများဖြစ်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု၏ အကျိုးသက်ရောက်မှုများရှိသော်လည်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏမြင့်တက်နေကြောင်း ကမ္ဘောဒီးယား ကုန်သွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ပမ်ဆိုဗီချက်က ပြောကြားသည်။

ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်နှင့် တရုတ်-ကမ္ဘောဒီးယား လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကလည်း နှစ်နိုင်ငံကုန်သွယ်ရေးကို မြှင့်တင်ပေးခဲ့ကြောင်းနှင့် လာမည့်နှစ်များအတွင်း နှစ်နိုင်ငံအကြားတွင် ကုန်သွယ်မှု ထပ်မံ၍ တိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်တွင် အာရှ-ပစိဖိတ် ၁၅ နိုင်ငံပါဝင်ကာ ၎င်းတို့အနက် အာဆီယံနိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားပြီး ကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့ဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၀၀၀၀ ကျော်တွေ့ရှိ

တိုကျို ဩဂုတ် ၁၀

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၀၀၀၀ ကျော် စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

**စံချိန်တင်တွေ့ရှိ**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၀၄၀၃ ဦးရှိပြီး ခရိုင် ၄၇ ခုအနက် ခရိုင် ၂၀ တွင် ရောဂါကူးစက်ခံရသူအရေအတွက် အများဆုံး စံချိန်တင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၅၁ ဦး သေဆုံးခဲ့ပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၄၀၇၅ ဦးရှိကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၅၉၇ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# တောင်ကိုရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား၊ ကိုးဦး သေဆုံး

ဆိုးလ် ဩဂုတ် ၁၀

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်နှင့် ပတ်ဝန်းကျင်နေရာများ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ကိုးဦးသေဆုံးပြီး ခုနစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း နိုင်ငံပိုင်ယွန်ဟပ်သတင်းအေဂျင်စီက ယနေ့သတင်းထုတ်ပြန်သည်။

ယနေ့နံနက်ပိုင်းအချိန်အထိ မိုးရေချိန် ၅၀၀ မီလီမီတာကျော် ရွာသွန်းခဲ့ကြောင်းနှင့် အင်ချွန်း၊ ဂျောင်ဂီစီရင်စုအပါအဝင် ဂန်ဝန်စီရင်စုတို့၌လည်း မိုးအဆက်မပြတ် ရွာသွန်းလျက်ရှိသည်။

အဆိုပါ သေဆုံးသူများအနက် ဆိုးလ်မြို့တော်မှ ငါးဦး၊ ဂျောင်ဂီစီရင်စုမှ သုံးဦးနှင့် ဂန်ဝန်စီရင်စုမှ တစ်ဦးတို့ဖြစ်ကြောင်း သိရသည်။ ထိခိုက်ဒဏ်ရာရရှိသူများအနက် ဆိုးလ်မြို့တော်မှ လေးဦး၊ ဂျောင်ဂီစီရင်စုမှ သုံးဦးတို့ပါဝင်ကြောင်း သိရသည်။

**ဘေးလွတ်ရာသို့ ပို့ဆောင်ပေး**

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စု ၇၂၄ စုမှ ပြည်သူ ၁၂၅၃ ဦးအား ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့ရသည်။

ထို့ပြင် ဆိုးလ်မြို့တော်ရှိ လူနေအိမ်နှင့် အဆောက်အအုံ ၂၆၀၀ ကျော် ရေလွှမ်းမိုးလျက်ရှိပြီး လမ်းမများနှင့် တံတားများပေါ်တွင် မော်တော်ယာဉ်များ သောင်တင်လျက်ရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ တစ်သိန်းခွဲကျော် ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၁၀

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၁၇၉၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၀၈၄၅၉၇၃ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၆၁၅ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများ အနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများ ဖြစ်ကြောင်း သိရသည်။

**သေဆုံးသူစုစုပေါင်း ၂၅၃၈၂ ဦးရှိ**

ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၅၃၈၂ ဦး ရှိလာကြောင်း တောင်ကိုရီးယား ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း၏ သုည ဒသမ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်



# ဂျာမနီနိုင်ငံ၌ လေးနှစ်သမီးငယ်တစ်ဦး မျောက်ကျောက်ရောဂါ ကူးစက်ခံထားရ

ဘာလင် ဩဂုတ် ၁၀

ဂျာမနီနိုင်ငံ၌ လေးနှစ်သမီးငယ်တစ်ဦး မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း ကူးစက်ရောဂါရှာဖွေရေး ရောဘတ်ကို့ချ် အင်စတီကျူက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း၌ ငါးနှစ်အောက်ကလေးငယ်များတွင် မျောက်ကျောက်ရောဂါ ကူးစက်မှုသည် ယခုပထမဆုံးအကြိမ် တွေ့ရှိခြင်းဖြစ်ကြောင်း ယင်းအင်စတီကျူ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါ ရောဂါကူးစက်ခံရသူ သမီးငယ်သည် ရောဂါကူးစက်ခံထားရသူနှစ်ဦးနှင့် နေအိမ် တစ်အိမ်တည်းတွင် အတူနေထိုင်ခဲ့သည့်အတွက် ရောဂါကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း အသက် ၁၅ နှစ်နှင့် ၁၇ နှစ်အကြား အသက်အရွယ်အုပ်စုများတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူများအား လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိခဲ့သည်။

ပထမဆုံးအကြိမ် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ တွေ့ရှိပြီးနောက်တစ်လခွဲခန့်အကြာတွင် ရောဂါထပ်မံကူးစက်ခံရသူများအား စစ်ဆေးတွေ့ရှိခဲ့သည်။

လက်ရှိတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၂၉၈၂ ဦးရှိပြီဖြစ်သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# ဖားကန့်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

ဖားကန့်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် လားရှိုးမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၉ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု လယ်ပြင်ကျေးရွာလမ်းမပေါ်တွင် မရီရီထွေး(ခ)မိုးမိုး မောင်းနှင်ပြီး မန္တ့နွဲ့ရီ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၂၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာကျေးရွာနေ မအေးကြည်(ခ)မရှုည်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (စ) ရပ်ကွက် ၅၃ လမ်း ၁၂၇ x ၁၂၈ လမ်းကြား အမှတ် ထထ ၃၂/၆(က) နေ မတင်တင်ရီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက် ဗျူဟာလမ်းတွင် ငှားရမ်းနေထိုင်သည့် စိုင်းပွန်းဆိုင်၏နေအိမ်အခန်းသို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုင်းအောင်မိုး၊ ဝင်းသိန်း၊ နေလင်းထွန်းနှင့် စိုင်းအောင်ဟိန်းတို့ ငါးဦးအားတွေ့ရှိရပြီး ကတ်တမင်း သုည ဒသမ ၆၁၆ ကီလို၊ အက်တက်စီ ဆေးပြား ၄၈၀၊ အဆင့်နိမ့်ဘိန်း သုည ဒသမ ၀၃ ကီလိုနှင့် ကားပါကင်တွင် ရပ်ထားသည့် Crown အမျိုးအစား မော်တော်ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီ ၄၅ မိနစ်တွင် လားရှိုးမြို့ အမှတ်(၁)ရပ်ကွက်ရှိ နေလင်းထွန်းနှင့် ဝင်းသိန်းတို့ တည်းခိုနေထိုင်သည့် ဟိုတယ်မှ Volks Wagen Golf အမျိုးအစား မော်တော်ယာဉ်တစ်စီးကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



နေလင်းထွန်း၊ ဝင်းသိန်း၊ စိုင်းပွန်းဆိုင်၊ စိုင်းအောင်ဟိန်းနှင့် စိုင်းအောင်မိုးတို့အား သိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ မော်တော်ယာဉ်အပိုပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်နှင့်ယန္တရားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သည့် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင် တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် LED မီးသီးများ၊ မော်တော်ယာဉ်အပိုပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် အပ်ချုပ်စက်(အဟောင်း) များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၄၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အကောက်ခွန်ဦးစီးဌာန စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဌာနခွဲမှ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-ဘားအံ-မြဝတီ လမ်းကြောင်း မိုင်တိုင်(၄၅)အနီးတွင် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၃၇၅၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JAC HFC အမျိုးအစား ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်- ဘားအံ- မြဝတီ လမ်းကြောင်း မိုင်တိုင်(၆၀)အနီး၌ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့် ကွဲလွဲစွာ တင်ဆောင်လာသော ဆိုင်ကယ်အပိုပစ္စည်းများ၊ ကလေးစီး သုံးဘီးဆိုင်ကယ်များနှင့် ကလေးအသုံးအဆောင်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၉၅၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia အမျိုးအစား ၁၂ ဘီး ကုန်တင်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၉၁၀၈၇၀၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID) ဖွင့်လှစ်ပြီး သုံးနှစ် ကျော်လွန်သည်အထိ လာရောက်ထုတ်ယူခြင်းမရှိသည့် Hino Dutro Truck အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၁၀၆၄၀)၊ Toyota Hiace အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၇၁၀၀)နှင့် လုပ်ငန်းသုံးယန္တရားနှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၃၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၆၂၇၇၄၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၈ ရက်တွင် တိုက်ကြီးမြို့နယ် ရန်ကုန်-ပြည်ကားလမ်း မြို့နယ်လျှပ်စစ်ရုံးအနီး၌ တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၂၀ ဒသမ ၀၃၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၀၀၆၄)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် ကုန်တင်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဩဂုတ် ၉ ရက်တွင် လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၀/၀)မိုင် လမ်းဆုံအနီးတွင် တရားမဝင် ကျွန်းပါကေးအကြမ်းတုံး သုည ဒသမ ၉၉၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၈၃၂) နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၈၇၆၈၉၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အရာတော်မြို့နယ်အတွင်း KENBO 125 အမျိုးအစား လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် သစ်မျိုးစုံ ၆ ဒသမ ၁၃၀၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၈၆၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကျောက်တံခါးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များအတွင်း AD VAN အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)နှင့် Hilux အမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၉၈၆၆၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၇ ရက်၊ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၈၃၀၃၆၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၈-၂၀၂၂ ကြာသပတေးနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ဓါဒေါင်လပြည့်နေ့တရားတော် 'မေတ္တာသက်ဝင်စိတ်ကိုပြင်' တရားတော်
၀၉:၀၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၀၉:၃၀ NRC အစီအစဉ်(တနင်္သာရီ) 'ပင်လယ်ငေးပျော်တို့နားခိုရာ'
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ 'မေတ္တာသုတ္တန်တရားတော်'
၁၂:၃၀ 'ဖြတ်ဘုရားထံမှချမ်းသာရ' တရားတော်
၁၃:၃၀ MRTV National News
၁၇:၀၅ Soccer View
၁၇:၂၀ စာရေးတံမဲ့ဝါခေါင်ပွဲ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ '၃၀' ဗြာပစ်လာ (ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) 'သောဝစသတ'
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့ဒီဇိုင်မက်တန်ဖိုး' (အပိုင်း-၇)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ မြန်မာဇာတ်လမ်းတွဲ 'အချစ်ဆိုသည်မှာ' (အပိုင်း-၈)

mitv

07:01 Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:08 Let's Taste Delicious Insects: Red Ant Spaghetti & Crickets, Soy Chips & Fragrant Root Curry
07:34 Palm Resort
07:43 History Of Wishfulfilling Mai-Lamu Pagoda
08:01 An Ode To Love
08:08 The Third Prize Winner
08:20 Taung Byone Nat Festival (Ep-5)
08:33 The Strokes of Myanmar
09:01 News
09:27 The Bamboo Hat
09:35 Sayit-wyne Girls

MRTV NRC

အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) ကရင်ဘာသာစကားပြောကြရအောင်(အပိုင်း-၅)
ချင်း(လိုင်ဇို) (၀၇:၀၀ မှ ၀၈:၀၀) ချင်းအမျိုးသားပန်းတောင်ဇလပ်
ချင်း(ချိုး) (၀၈:၀၀ မှ ၀၉:၀၀) လေးမြားပြုလုပ်ခြင်း
မွန် (၀၉:၀၀ မှ ၁၁:၀၀) ဆေးတံအစရှာလွတ်က
ရခိုင် (၁၁:၀၀ မှ ၁၃:၀၀) ကျောက်ရိုးတော်မာတ်စေတီ
ရှမ်း (၁၃:၀၀ မှ ၁၅:၀၀) မှိုရဲ့ကောင်းကျိုး/ဆိုးကျိုး
ဝ (၁၅:၀၀ မှ ၁၇:၀၀) တောင်ယာထမင်းဟင်း
ကချင် (၁၇:၀၀ မှ ၁၉:၀၀) အဆာပြေမုန့်လုပ်စားကြမယ်
ကယား (၁၉:၀၀ မှ ၂၁:၀၀) ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၁)
ပအိုဝ်းကရင် (၂၁:၀၀ မှ ၂၂:၀၀) ဖရဲသီးနှင့်ကျန်းမာရေး
အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) ဘဝကိုအရှုံးမပေးသူ(နန့်ခိုင်နှင်းဝေ)

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ချယ်ရီပန်းတို့ဝေရာမြေ(ဂျပန်)
၀၉:၁၅ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေး ကျောင်းတိုင်းကျောင်းတိုင်းကျန်းမာရေး
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အဝယ်မလောနဲ့'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၄)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ မျိုးကောင်းမျိုးသန့်စိုက်ပျိုး အထွက်တိုးမယ့်ရွှေနေကြာ
၀၇:၁၀ အကျိုးရှိစွာအသုံးချပါ ကိုင်းကူးကိုင်းဆက် နည်းပညာ(ရှောက်၊ သရက်)
၀၈:၁၅ တောင်သူမှသည်...တောင်သူဆီသို့
၀၉:၂၀ မြေဆွေးပုံဘယ်လိုပြုလုပ်မလဲ
၀၉:၄၅ ခေတ်မီတွေးမြင်နည်းသစ်ထွင် ငါးမွေးမြူလျှင်စားပင်စိုက်

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁၀

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းမိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးကို တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများကို ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများကို ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံ ဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ စက်မှုဇုန်ရပ်ကွက်နေ မွန်မွန်သဲသည် ၎င်းအသုံးပြုသည့် “Thae Mon”Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁)ရပ်ကွက်နေ လှမျိုးထွန်းနှင့် (၃) ရပ်ကွက်နေ မေသူကျော်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Rizza-Travel & Food” Facebook Page၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖောထိုကျီကျေးရွာနေ လှသူဇာသည် ၎င်းအသုံးပြုသည့် “Hla Thuzar” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဥ့်ငူရပ်ကွက်နေ ချမ်းမြေ့ကို(ခ) အောင်ပြည့်စုံသည် ၎င်းအသုံးပြုသည့် “Chan Myae Ko” Facebook အကောင့်၊ လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ မျိုးလွင်ထွန်း(ခ) Sai Blancoသည် ၎င်းအသုံးပြုသည့် “Sai Blanco” Facebook အကောင့်၊ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ထွန်းကျော်ဦးသည် ၎င်းအသုံးပြုသည့် “Htun Kyaw Oo” Facebook အကောင့်၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်) ရပ်ကွက်နေ မြင့်အောင်ထွန်းသည် ၎င်းအသုံးပြုသည့် “Myint Aung Htun” Facebook အကောင့်၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက်နေ ကျော်နိုင်စိုးသည် ၎င်းအသုံးပြုသည့် “Kyaw Naing Soe” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တည်င်ချောင်းရပ်ကွက်နေ နေမင်းနိုင်သည် ၎င်းအသုံးပြုသည့် “Nay Min Naing” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်တံခါးမြို့နယ်၌ အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်း ဖွင့်လှစ်

ကျောက်တံခါး ဩဂုတ် ၁၀

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ဒည်းကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီခွဲက အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာ သင်တန်းဖွင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇင်ထွန်းက သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်များနှင့် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းသို့တက်ရောက်လာကြသည့် သင်တန်းသား ၁၆ ဦးကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းကာလမှာ ဩဂုတ် ၁၀ ရက်မှ ၁၉ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ခင်ကို(ကျောက်တံခါး)

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၇-၇-၂၀၂၂ ရက်နေ့မှအဆက်)

**ခေမာမိဖုရား ရဟန္တာဖြစ်ခြင်း**

ဘုရားရှင်သည် သစ္စကပရိဗိုဇ်အား တရားဟောဆုံးမပြီးသောအခါ၌ ဝေသာလီပြည် မဟာဝုန်တော၌ ဝါကပ်တော်မူလေသည်။ ဝါကျွတ်သောအခါ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ပြန်ကြွပြီး သီတင်းသုံးတော်မူသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားရှင်အား အသက်ဆံဖျားကိုးကွယ်၍ လုပ်ကျွေးသော ဥပါသကာတစ်ယောက် ဖြစ်သည်။ သို့သော် မင်း၏မိဖုရားသည် ဘုရားရှင်အား ကြည်ညိုလေးစားမပြု၊ မဖူးမြော်ချေ။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင် ဝါသုံးဝါကပ်သော်လည်း မိဖုရားခေမာသည် သွားရောက်ဖူးမြော်ခြင်းမပြုသည်မှာ ဘုရားရှင်သည် အလှအပတို့ကို ကဲ့ရဲ့ပြစ်တင်ရှုတ်ချသည်ဟု သိထား၍ သူ့အလှကိုလည်း ပြစ်တင်မည်စိုး၍ သူ့အလှအပတွင် ရစ်မူး၍နေခြင်းကြောင့် ဖြစ်ပါသည်။

ဗိမ္ဗိသာရမင်းကြီးသည် ယင်းအဖြစ်ကို မကြိုက်သဖြင့် သူ့မိဖုရားခေမာကို ဘုရားထံသို့ သွားရောက်ဖူးမြော်ရန် ကြံသည်။ ၎င်းအား အာဏာဖြင့် ဘုရားထံသို့ လွှတ်မည်ဆိုပါက ပြည်သူပြည်သားများ ကဲ့ရဲ့ကြမည်။ ထို့ကြောင့် မင်းကြီးပရိယာယ်ဖြင့် အကြံပြု၍ ကဗျာစာဆိုတစ်ဦးအား ဝေဠုဝန်ဥယျာဉ်တော်၏ သာယာပုံကို စာဖွဲ့၍ နန်းတော်သူနန်းတော်သားများအား ရွတ်ဆိုကြစေသည်။ ထိုအခါ၌ မိဖုရားကြီးသည် ယင်းအသံကို ကြားရ၍ ဝေဠုဝန်ဥယျာဉ် သာယာပုံသည် ယခင်ကနှင့်မတူ သာယာကြည်နူးဖွယ်ရှိမည်ထင်၍ သွားရောက်ကြည့်ရှုလိုသောဆန္ဒ ဖြစ်ပေါ်လာပါသည်။

မိဖုရားကြီးသည် ဥယျာဉ်တော်သို့ ကစားထွက်လိုကြောင်း မင်းကြီးအား ခွင့်ပန်လျှောက်ထားလေသည်။ မင်းကြီးကလည်း သွားလိုပါက သွားပါ။ ဘုရားရှင်ကိုလည်း ဝင်ရောက်ဖူးမြော်ရန် မှာကြားသည်။ မိဖုရားကြီးသည် မင်းကြီးပြောဆိုချက်ကို ဝန်မခံဘဲ ဆိတ်ဆိတ်သာနေပြီး ပြန်လာခဲ့ပါသည်။

မင်းကြီးကလည်း မိဖုရားကြီးနှင့်အတူသွားကြမည့် မှူးမတ်တို့ကို ဘုရားရှင်အား မိဖုရားကြီး မဖူးဘဲ ပြန်လာလျှင် မင်းပြစ်ဒဏ်ပေးမည်ဟု မှာလိုက်ပါသည်။ မိဖုရားကြီးလည်း မှူးမတ်တို့ ခြံရံလျက် ဝေဠုဝန်ဥယျာဉ်တော်သို့ ထွက်သွားကြပါသည်။ ဥယျာဉ်တွင် တစ်နေ့ပတ်လုံး ပျော်ပါးခဲ့ကြသည်။ ထို့နောက် မိဖုရားကြီးသည် တစ်နေကုန်၍ နန်းတော်သို့ ပြန်မည်ပြောသောအခါ မှူးမတ်တို့က မင်းကြီးမှာလိုက်သော အမိန့်တော်ကို မိဖုရားကြီးအား ပြောကြားလျှောက်ထားလေသည်။ မိဖုရားကြီးလည်း မင်းအာဏာကို မလွန်ဆန်နိုင်၍ ဘုရားထံသို့ ဝင်ရောက်ဖူးမြော်ရန် သွားရလေသည်။



ယင်းသို့ ခေမာမိဖုရားကြီးလာမည်ကို ဘုရားရှင်က ကြိုသိတော်မူ၍ ၎င်းနှင့်သင့်တော်သောတရားကို ဟောနိုင်ရန်နှင့် ဘုရားရှင်၏ ခြေရင်း၌ အလွန်လှပသော လူတွင်မရှိ၊ နတ်ထက်မက လှပသည့် အမျိုးသမီးကို ဖန်ဆင်းထားသည်။ ၎င်းက ရတနာစီခြယ်ထားသော ယပ်ကိုကိုင်လျက် ဘုရားခြေရင်းမှ ခပ်နေဟန် ဖန်ဆင်းထားလေသည်။ ခေမာမိဖုရားကြီးသည် ဘုရားထံသို့ရောက်သောအခါ ယင်းအမျိုးသမီးလေးကိုမြင်သော် သူ့ထက်အဆပေါင်းများစွာ လှသည်။ သူတို့ပြည်တွင် သူ့ထက်လှပသူမရှိဟု ထင်မိသည်မှာ မှားကြောင်း သိတော်မူလေသည်။ မိဖုရားကြီးလည်း ယင်းအမျိုးသမီးလေးကို စိုက်ကြည့်၍ မက်မောနေလေသည်။

ဘုရားရှင်သည် ထိုအမျိုးသမီးလေးကို တဖြည်းဖြည်းဖြင့် ပထမကလေးတစ်ယောက်အမေအရွယ်၊ နောက်ကလေးနှစ်ယောက်အမေအရွယ် အိုလာပြီး ဆန်ဖြူ၊ သွားကျိုး၊ ပါးရည်တွန့်၍ မှည့်ပျောက်ဖြင့်နေသည်ကို ဖန်ဆင်းပြလေသည်။ ထို့အပြင် ယင်းအမျိုးသမီးလေးသည် အိုလာသည့်အပြင် ပါးစပ်မှအရိအတွဲ ယိုစီးလာသည်။ နောက်ဆုံး၌ ဘုရားရှင်၏ခြေရင်း၌ ယပ်နှင့်တကွ လဲ၍တည်းတွားတွား နာသည့်ပုံဟန်တို့ ဖန်ဆင်းပြထားလေသည်။

ခေမာမိဖုရားကြီးသည် သူလည်း ဤကဲ့သို့တစ်နေ့ကျလျှင် ပျက်စီးရအံ့၊ သူ၏ခန္ဓာကိုယ်သည် ပျက်စီးယိုယွင်းရမည်ကိုသိ၍ သံဝေဂဖြင့် ကြောက်ရွံ့လေသည်။ သူ၏မောက်မှားချွတ်သော အသိနှင့် ပြစ်မှားမိသည်တို့ကို သံဝေဂရလေသည်။ ဘုရားရှင်သည် မိဖုရားကြီး သံဝေဂရသည်ကို သိတော်မူလျှင် ဤခန္ဓာကိုယ်ကြီး၏ မနှစ်မြို့ဖွယ်၊ ပုပ်နံ့လှိုင်နေကြောင်း တစ်နေ့ (၉၆) ပါးသောဝေဒနာ ခံစားရမည် စသည်တို့ဖြင့် ဟောကြားလေသည်။

ခေမာမိဖုရားကြီးသည် ရှေ့ကမှားခဲ့သည်ကို ဘုရားရှင်အား သနားခွင့်လွှတ်ရန် လျှောက်ထားပြီး သောတာပတ္တိမဂ်မှစ၍ နောက်ဆုံး အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ထိုသို့ဖြစ်ပြီးနောက် ရဟန္တာဖြစ်မည့်သူတို့သည် ရဟန်းလည်း ပြုရ၏။ ပရိနိဗ္ဗာန်လည်း ပြုရသည်။ ဓမ္မသဘောကို သိတော်မူသဖြင့် ဘုရားရှင်အား ရှိခိုးဖူးမြော်ကန်တော့ပြီးနောက် ရဟန်းပြုခွင့် တောင်းခံပြီး မင်းကြီးထံသို့ အမြန်ပြန်လေသည်။

မင်းကြီးသည် တင့်တယ်စွာဖြင့် အရိယာတို့ ဣန္ဒြေဖြင့် ပြန်လာသောမိဖုရားကြီးကို ကြိုလေသည်။ ထို့အပြင် ဘုရားရှင်အား ရှိခိုးပြီးပြီလားဟု မေးလေသည်။ ခေမာမိဖုရားက သင်တို့သည် ဘုရားရှင်ကို ရှိခိုးသောအကျိုးသာရသည်။ မိမိက သင်တို့ထက် ပိုအကျိုးထူးရကြောင်း ပြောပြီး ဘုရားရှင်ထံသို့ ရဟန်းပြုခွင့် တောင်းခံခဲ့ကြောင်း ပြောလေသည်။ မင်းကြီးက လည်း အားရဝမ်းသာဖြင့် မိဖုရားကြီးအား ရွှေထမ်းစင်ဖြင့် တစ်ထောင်သော ရဟန်းမတို့နေရာ၌ ရဟန်းပြုလေသည်။ ခေမာမိဖုရားကြီးသည် ရဟန်းဘဝသို့ ရောက်သောအခါ ခေမာထေရီမဟု ထင်ရှားလေ သည်။

ခေမာမိဖုရားကြီးသည် ဉာဏ်ပညာရှိတော်မူသည်။ နောင်သောအခါ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရဟန်းမတို့အား ဧတဒဂ်အရာ၌ ထားတော်မူသောအခါ ဉာဏ်ပညာကြီးကြသော ရဟန်းမတို့တွင် ၎င်းသည် အမြတ်ဆုံးဖြစ်၍ ခေမာထေရီအား "မဟာပညာ ဧတဒဂ်"အရာ၌ ထားတော်မူလေသည်။

**ဘဒ္ဒကာပိလာနီသူဌေးမရဟန္တာဖြစ်ခြင်း**

ဘဒ္ဒကာပိလာနီသည် တစ်ချိန်တုန်းက အရှင်မဟာကဿပ လူ့ဘဝက မယားဖြစ်ခဲ့ပါသည်။ အရှင်မဟာကဿပ၏ လူ့ဘဝကအမည်မှာ "ပိပ္ပလိ" ဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးသည် လူ့ဘဝတွင် ရဟန်းဝတ်၍ ဆရာရှာရန်အတွက် ခရီးထွက်ခဲ့ကြပါသည်။ တောအုပ်တစ်ခု ရောက်သောအခါ လမ်းခွဲ၍ နှစ်ဦးသဘောတူ သွားခဲ့ကြလေသည်။

ထိုအခါ၌ ဘဒ္ဒကာပိလာနီသည် သူ့ခရီးစဉ်အတိုင်း ခရီးထွက်ခဲ့ရာ၌ ရာဇဂြိုဟ်ပြည်သို့ ရောက်ခဲ့ပါသည်။ ယင်းအချိန်၌ ဘုရားရှင်က အမျိုးသမီးများအား ရဟန်းဝတ်ခွင့်မပြုသောအချိန် ဖြစ်ပါသည်။ ထို့ကြောင့် ဘဒ္ဒကာပိလာနီသည် မြတ်သောတရားကို ရှာဖွေနေစဉ် ၎င်းပြည်နှင့် မနီးမဝေး ပရိဗိုဇ်မတို့၏ ကျောင်းတိုက်တစ်ခုသို့ဝင်ပြီး ပရိဗိုဇ်မပြု၍ နေလေသည်။

ဤသို့နေစဉ် မဟာပဇာပတိဂေါတမီနှင့်တကွ သာကီနွယ်အမျိုးသမီးများသည် ရဟန်းပြုခွင့်ရ၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လာပါသည်။ ထိုသတင်းကို ဘဒ္ဒကာပိလာနီကြား၍ သူ့ပရိဗိုဇ်များ ခြံရံလျက် ပုစ္ဆာပြဿနာကို နှီးနှောဆွေးနွေးကြပါသည်။ ၎င်းသည် ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ ဘုရားရှင်၏ သာသနာသည် အနှစ်သာရရှိကြောင်း သိရလေသည်။ ထို့ကြောင့် ထိုမဟာပဇာပတိဂေါတမီ ထေရီမထံတွင် ရဟန်းပြုလေသည်။

၎င်းဘဒ္ဒကာပိလာနီသည် တရားအားထုတ်ပြီး သင်္ခါရတရားများ ဆင်ခြင်သုံးသပ်သော် မကြာမီပင် ရဟန္တာအဖြစ်သို့ ရောက်လေသည်။ ရဟန္တာဖြစ်သော် ၎င်းသည် အဘိညာဉ်တရားတော်များကို မပြတ်ပွားများသဖြင့် ပုဗ္ဗေနိဝါသဉာဏ်တော်၌ အလွန်အကဲ မြော်မြင်လေ့လာနိုင်ကြလေသည်။

နောင်သောအခါ၌ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ ရဟန်းမတို့အား ဧတဒဂ်အရာ၌ ထားတော်မူသောအခါ ရှေး၌ဖြစ်ဖူးသော ခန္ဓာစဉ်ကို အောက်မေ့သိမြင်ကြသော ဘုရားရှင်၏ တပည့်ရဟန်းမတို့၌ ဘဒ္ဒကာပိလာနီသည် အမြတ်ဆုံးဟူ၍ ၎င်းအား "ပုဗ္ဗေနိဝါသာနုဿတိ ဧတဒဂ်"အရာ၌ ထားတော်မူလေသည်။

ဤသို့ဖြင့် ဘဒ္ဒကာပိလာနီအား ဘွဲ့ပေးတော်မူခဲ့ပါသည်။ ။

(ဆက်လက်ဖော်ပြပါမည်)

"ခေမာမိဖုရားကြီးသည် သူလည်း ဤကဲ့သို့တစ်နေ့ကျလျှင် ပျက်စီးရအံ့၊ သူ၏ခန္ဓာကိုယ်သည် ပျက်စီးယိုယွင်းရမည်ကိုသိ၍ သံဝေဂဖြင့် ကြောက်ရွံ့လေသည်။ သူ၏မောက်မှားချွတ်သော အသိနှင့် ပြစ်မှားမိသည်တို့ကို သံဝေဂရလေသည်။ ဘုရားရှင်သည် မိဖုရားကြီး သံဝေဂရသည်ကို သိတော်မူလျှင် ဤခန္ဓာကိုယ်ကြီး၏ မနှစ်မြို့ဖွယ်၊ ပုပ်နံ့လှိုင်နေကြောင်း တစ်နေ့ (၉၆) ပါးသောဝေဒနာ ခံစားရမည် စသည်တို့ဖြင့် ဟောကြား"

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

မိမိကိုယ်မိမိ မွေးစားသမီးဖြစ်ကြောင်း သိလာပြီးနောက် မိခင်ရင်း၊ ဖခင်ရင်းကို မြင်တွေ့လိုသောစိတ် စောခဲ့သည်။ ဆန္ဒကြီးမားခဲ့သည်။ မိခင်ကိုကား ကျေနပ်ဖွယ်အနေအထားနှင့် တွေ့မြင်ရသည် မှန်ပါ၏။ ဖခင်ကိုကား မမြင်သာ မတွေ့သတော့။ ထိုအတွက် နွယ်နွယ်ထွန်း၏ စိတ်မှာ မကြည်မသာ ဖြစ်ရသည်။ ဝမ်းနည်းခဲ့ရသည်။ ပြီးလျှင် မိမိ၏ဖခင်မှာ မိခင်၏လက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်ဟု ယေဘုယျ နားလည်ရသောအခါ ယူကျုံးမရရှိရသည်။ ဂျော့ဘမောင်၏ တမ်းတစကားများသည် ပိုမိုယူကျုံးမရဖြစ်စေရန် ဆွဲဆောင်သည်ဟုလည်း ထင်လာသည်။

သူငယ်ချင်းဆိုသည်ကပင် သည့်မျှစိတ်လက်မချမ်းမသာနှင့် တမ်းတမိသည်ဆိုပါလျှင် သမီးရင်းဖြစ်သူ၏ရင်မှာ အဘယ်သို့ ရှိရလိမ့်မည်ဆိုခြင်းကို စဉ်းစားသဘောပေါက်နိုင်ပုံ ရသည့် ဗိုလ်မှူးညိုထွန်းသည် နွယ်နွယ်ထွန်းအား စိတ်ပိုမိုမထိခိုက်စေရန် အာရုံလွှဲပြောင်းသည့်အနေနှင့် ဘမောင်အပါးမှ ခေါ်ဆောင်လာခဲ့သည်။

အိမ်အပြန် လမ်းတစ်လျှောက်၌ နွယ်နွယ်ထွန်း နှုတ်ဆိတ်လိုက်ပါလာသည်။ အတွေးဖြင့် ငြိမ်သက်နေသည်။

"ဘာတွေစဉ်းစားနေသလဲ ဟင်"

တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သလို ဗိုလ်မှူးညိုထွန်းက စကားစသည်။

"အစုံပါပဲ ဦးလေးထွန်းရယ်။ ဦးဘမောင်လိုပဲ ဖေဖေ့သူငယ်ချင်းဆိုတဲ့ လူတစ်ယောက်နဲ့ တွေ့ခဲ့ရသေးတယ်။ ရေနံချောင်းမှာပါ။ စနေနံဘုရားမှာပါ။ သူ့နာမည်ကိုတော့ မသိခဲ့ရသေးဘူး။ သူ့အကြောင်းတွေးနေမိတာ။ အစကတော့ ကိုယ့်ကိုယ်ကိုယ် ဒီလောက်အထိ ကံဆိုးလိမ့်မယ် မထင်ခဲ့ပါဘူး။ ကိုယ့်ရဲ့ဘဝမှာ ဒီလောက်ကြေကွဲစရာကောင်းတဲ့ အဖြစ်တွေ ဖြစ်ခဲ့လိမ့်မယ်လို့ အိပ်မက်တောင်မမက်ခဲ့ပါဘူး။ ဒီလောက်ရှုပ်ရှုပ်ထွေးထွေးဖြစ်ပြီး လူ့ဘဝထဲမှာ လူလာဖြစ်ရလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ အခုတော့ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ကံဆိုးတယ်ဆိုတာသိရပြီ။ ဘယ်လောက်ကြေကွဲစရာကောင်းတယ်ဆိုတာသိရပြီ။ နောက်ကြောင်းတွေဟာ ဘယ်အထိရှုပ်ရှုပ်ထွေးထွေးရှိခဲ့တယ်ဆိုတာလည်း သဘောပေါက်ရပြီ"




ဗိုလ်မှူးညိုထွန်းသည် ဘေးတိုက်အနေအထားအရ နွယ်နွယ်ထွန်းကို ငေးကြည့်နေမိသည်။ သူ၏မျက်နှာမှာ ညှိုးနေသည်။ မျက်ရည်ကြည် ခိုတွဲရစ်သီကာ မျက်ဝန်းမှာ ရွှန်းလဲ့တောက်ပြောင်လာသည်ကို တွေ့ရသည်။

နွယ်နွယ်ထွန်းက တစ်ကိုယ်တည်း ပြောသလို ဆက်ပြောနေသည်။

"ဦးလေးထွန်းသိတဲ့အတိုင်း အဲလစ်ဟာ ဆရာဝန်ပါ။ ဝေဒနာကို ကုသနိုင်စွမ်းရှိသူပါ။ ဆေးပညာတွေ တတ်ထားပေမဲ့ အခုအခါမှာတော့ ကိုယ့်ကိုယ်ကိုယ် အားမရချင်ဘူး။ ဘာကြောင့်လဲဆိုတော့ အဲလစ်တတ်ထားတဲ့ပညာက ရောဂါကို သက်သာ ပျောက်ကင်းရုံကလေးတင် တတ်နိုင်လို့ပါ။ ဆေးပညာမှာ သေသူကို ပြန်ပြီးရှင်အောင်လုပ်နိုင်တဲ့ အတတ်တွေရှိရင် သိပ်ကောင်းမှာပဲနော်။ ဒါဆိုရင် ဖေဖေ့ကိုလည်း အဲလစ်ပြန်ပြီး အသက်ရှင်အောင်တတ်နိုင်မှာပဲ"

ဗိုလ်မှူးညိုထွန်းက ကရုဏာသက်စွာ ညည်းမိသည်။

"ကလေးရယ်၊ မင်းရဲ့ခံစားချက်ကို နားလည်ပါတယ်။ ကိုယ်ချင်းစာမိပါတယ်။ ဒါပေမဲ့ ကုန်လွန်သွားသောနေ့ရက်နဲ့ အချိန်ဆိုတာ အစားပြန်မရစကောင်းဘူးဆိုတာလိုပဲ။ လွန်ခဲ့တဲ့ အဖြစ်တွေကလည်း ပြုပြင်ပြောင်းလဲလို့ မရတော့ပါဘူး။ ကဲ အိမ်နဲ့နီးလာပြီ။ တခြားသူတွေ စိတ်မကောင်းမဖြစ်အောင် ဂျော့ဘမောင်နဲ့ တွေ့တဲ့ အကြောင်း ပြန်မပြောပြပါနဲ့တော့၊ ဟုတ်လား"

ဗိုလ်မှူးညိုထွန်း၏ စကားကို နွယ်နွယ်ထွန်း ခေါင်းညိတ်လက်ခံသည်။

ဗိုလ်မှူးညိုထွန်းသည် သက်ပြင်းတစ်ချက်ကို မသိမသာ ရှိုက်လိုက်လေသည်။ ။

x x x x x

[၅]

အိမ်သို့ရောက်သောအခါ နွယ်နွယ်ထွန်း အိမ်ခန်းအောင်းသည်။ စကားများစွာမပြော။ တစ်ကိုယ်တည်းနေထိုင်ရန် ပိုမိုအလိုရှိနေကြောင်း တွေ့ရသည်။

သမီးဖြစ်သူ၏ ထူးခြားသောအမူအရာကိုမြင်ရသောအခါ ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ စိုးရိမ်စိတ်ပူလာသည်။ တစ်စုံတစ်ရာဖြစ်လေသသား အထင်နှင့် ခြေမကိုင်မိ လက်မကိုင်မိရှိနေသည်။

"အစ်ကိုထွန်း၊ သမီး ဘာဖြစ်လာသလဲ ဟင်"

ပျာပျာသလဲ မေးသည်။

သည်တော့လည်း ကိုယ်ကိုယ်၌က သည်အကြောင်းကို ပြန်မပြောရန် ပိတ်ပင်ထားခဲ့လင့်ကစား ဗိုလ်မှူးညိုထွန်း အနေနှင့် သည်အကြောင်းကို ပြန်လည်ပြောပြရတော့သည်။ နွယ်နွယ်ထွန်းနှင့် ဂျော့ဘမောင်တို့ တွေ့ခဲ့ကြောင်း၊ မောင်မောင်ဦးအကြောင်း စကားစပ်မိခဲ့ကြောင်းများကို ပြန်လည်ဖောက်သည်ချရလေတော့သည်။

အခြားသူများ မကြားစေချင်၍လည်းကောင်း၊ နွယ်နွယ်ထွန်းရှေ့တွင် သည်အကြောင်းကို ပြန်မစချင်၍လည်းကောင်း ဗိုလ်မှူးညိုထွန်းသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား အိမ်မှ ခေါ်ထုတ်လာခဲ့သည်။ လမ်းလျှောက်ရင်း ပြောလာခဲ့ရသည်။ သူတို့သည် မန်းသီတာသို့ရောက်လာခဲ့ကြပေသည်။ အချိန်မှာ အမှောင်သန်းခဲ့ပြီဖြစ်သော၊ လျှပ်စစ်မီးတို့ လင်းလက်နေပြီဖြစ်သောအချိန်။

သည်အကြောင်းများကို ကြားရသောအခါ ဒေါ်ရေနံ့သာခင်ခင်ကြီး စိတ်မကောင်းနိုင်အောင် ဖြစ်ရသည်။ ရင်ထဲမှာ လှိုက်လှဲလာသလို ခံစားရသည်။

"ဒါက သဘာဝကျပါတယ် ညီမ။ နွယ်နွယ်ထွန်းမှမဟုတ်ပါဘူး။ ဘယ်သူမဆို ကိုယ့်မိဘကို အသက်ရှင်လျက်တွေ့ချင်ကြမှာ ဓမ္မတာပဲ။ အထူးသဖြင့် တစ်ကြိမ်တစ်ခါမှ မဆုံခဲ့ရတဲ့ မိဘကို ပိုပြီးမြင်လိုတွေ့လိုကြမှာပဲ။ ဒါဟာ သားသမီးတိုင်းရဲ့စိတ်ဆန္ဒပဲ"

ဗိုလ်မှူးညိုထွန်းက ဖျောင်းဖျသည်။

"ဒါပေမဲ့ ခင်ကြီးသိပါတယ် အစ်ကိုထွန်း။ မောင်မောင်ဦးကို ခင်ကြီးကိုယ်တိုင်က သတ်ခဲ့တယ်ဆိုတာနဲ့ ပတ်သက်လို့ သမီးမှာ ဘဝင်မကျနိုင်ဘူးဆိုတာ ခင်ကြီးသိပါတယ်။ ရိပ်မိပါတယ်။ ဒီအကြောင်းတွေကို ပြန်ပြောလို့ ဒီနေရာရောက်ပြီဆိုရင် သူ့မျက်နှာဟာ ထူးထူးခြားခြား ပြောင်းလွဲသွားတတ်တယ်ဆိုတာ မြင်နေရတယ်။ နောက်တစ်ခုကလည်း အစ်ကိုထွန်း သတိထားမိမလားမသိဘူး။ သမီးကိုကြည့်ရတာ သိပ်အားမရစရာကောင်းတာပဲ၊ ဆက်ဆံတဲ့နေရာမှာလည်း အခုထိ ခပ်စိမ်းစိမ်းဖြစ်နေသေးသလိုပဲ။ ခင်ကြီးနဲ့ သိပ်ပြီးမရင်းနှီးသလိုပဲ။ သူ့မှာ မောင်မောင်ဦးနဲ့ ပတ်သက်ပြီး ခင်ကြီးကို အခဲမကျေနိုင်စရာများရှိနေသလား အစ်ကိုထွန်း"

"အစ်ကိုထွန်းအနေနဲ့ ဒီလိုတော့ မထင်မိပါဘူး။ ခပ်စိမ်းစိမ်း ခပ်တန်းတန်းဖြစ်နေတာက မအေနဲ့ သမီးဆိုပေမဲ့လည်း အတူတကွနေခဲ့ကြရတာမဟုတ်ဘူး၊ အသက်အရွယ်ကလည်း ကိုရင့်နဒူဖြစ်လာပြီမဟုတ်လား။ ဒါကြောင့်ဖြစ်ပါလိမ့်မယ် ညီမ"

ဒေါ်ရေနံ့သာခင်ခင်ကြီး သက်ပြင်းရှိုက်သည်။

"ခင်ကြီးတော့ အခုထိရင်မောမပြေသေးဘူး အစ်ကိုထွန်းရေ၊ စိုးရိမ်ကြောင့်ကြရတဲ့ စိတ်တွေကလည်း မကုန်ခန်းနိုင်သေးဘူး။ ဘယ်သောအခါကျမှ ရင်အမောပြေရပြီး စိတ်အေးစိတ်ချမ်းသာရှိရမယ်ဆိုတာကို မတွေးတတ်နိုင်သေးဘူး။ စိုးရိမ်ကြောင့်ကြရတဲ့စိတ်တွေ၊ စနိုးစနောင့်ဖြစ်ရတဲ့အဖြစ်တွေ၊ သံသယတွေ၊ အာဃာတတွေ အားလုံးပြေငြိမ်းစေချင်လှပါပြီ အစ်ကိုထွန်း"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားကို ဗိုလ်မှူးညိုထွန်း အလေးအနက် နားထောင်နေသည်။ ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏မျက်နှာကိုကား ကြည့်မနေခဲ့။ ရေပြင်ကိုသာ စူးစိုက်ကြည့်နေမိသည်။

သူတို့သည် မန်းသီတာဥယျာဉ်မှသည် မင်္ဂလာတံတားသို့ ရောက်ခဲ့ကြသည်။ တံတားအလယ်တွင် ရပ်နေခဲ့ကြသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးက တံတားလက်တန်းကို ကျောပြုကာ မှီထားသည်။ ဗိုလ်မှူးညိုထွန်းက တံတားပေါင်မှာ လက်ထောက်ထားသည်။

မြို့ရိုး၊ ပစ္စင်၊ ရင်တားတို့သည် ကျုံးရေ၌ အရိပ်ထင်နေသည်။ မန်းသီတာမှ မီးရောင်စုံတို့သည် ရေပြင်၌ အရောင်ရိုက်ခတ်ကာ လှုပ်လီလှုပ်လဲ့ရှိနေသည်။ ကမ်းစပ်မှ ထနောင်းပင်တန်းက ကျုံးဆီသို့ ငိုက်ယွန်းနေသည်။ ပင့်ကူအိမ်ဖွဲ့ယှက်ထားသော ထနောင်းကိုင်းတို့အကြားမှနေကာ လဝန်းသည် ကျုံးရေပြင်ကို ချောင်းကြည့်နေသည်။ လဝန်းသည်လည်း ကျုံးရေမျက်နှာပြင်ပေါ်မှာပင် လာရောက်ထင်ဟပ်နေသည်။

ဗိုလ်မှူးညိုထွန်းသည် လက်ထဲမှ စီးကရက်တိုကို ရေထဲသို့ တောက်ပစ်လိုက်သည်။ လှိုင်းပွက်ကလေးများ ထသွားသည်။ လဝန်း၏အရိပ်သည် တွန့်ခေါက်သွားလေသည်။ လှုပ်ရှားသွားလေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားသံများကို သူ ဆက်လက်ကြားနေရသည်။

"ဖြစ်နိုင်မယ်ဆိုရင် ခင်ကြီးရဲ့ဘဝကို ဘဝသစ်တစ်ခုအနေနဲ့ ဖန်တီးချင်တယ်။ နောက်ပိုင်းကအဖြစ်တွေကို မေ့ထားလိုက်ချင်တယ်။ အိပ်မက်လိုသဘောထားလိုက်ချင်တယ်။ အသက်တွေကလည်း ကြီးလာပြီမဟုတ်လား။ ခင်ကြီးတို့အတွက် ဘဝဆိုတာ တိုတိုတောင်းတောင်းကလေးပဲ ကျန်တော့တယ်။ ခင်ကြီးတို့အတွက် အချိန်ဆိုတာ နည်းနည်းကလေးပဲ ကျန်တော့တယ်မဟုတ်လား"

သူသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဘေးတိုက်အနေအထားအရ မြင်ရသော မျက်နှာကို လှမ်းကြည့်လိုက်သည်။

"ဟုတ်တယ်နော်၊ တို့များအတွက် အချိန်ဆိုတာ နည်းနည်းပဲကျန်တော့တယ်"

**ဆက်လက်ဖော်ပြပါမည်။**

**‘သူတို့သည် မန်းသီတာဥယျာဉ်မှသည် မင်္ဂလာတံတားသို့ ရောက်ခဲ့ကြသည်။**
**တံတားအလယ်တွင် ရပ်နေခဲ့ကြသည်။ ရေနံ့သာခင်ခင်ကြီးက တံတားလက်တန်းကို**
**ကျောပြုကာမှီထားသည်။ ဗိုလ်မှူးညိုထွန်းက တံတားပေါင်မှာ လက်ထောက်ထားသည်။**
**မြို့ရိုး ပစ္စင်၊ ရင်တားတို့သည် ကျုံးရေ၌ အရိပ်ထင်နေသည်။**
**မန်းသီတာမှ မီးရောင်စုံတို့သည် ရေပြင်၌ အရောင်ရိုက်ခတ်ကာ လှုပ်လီလှုပ်လဲ့ရှိနေသည်။**
**ကမ်းစပ်မှ ထနောင်းပင်တန်းက ကျုံးဆီသို့ ငိုက်ယွန်းနေသည်။**
**ပင့်ကူအိမ်ဖွဲ့ယှက်ထားသော ထနောင်းကိုင်းတို့အကြားမှနေကာ**
**လဝန်းသည် ကျုံးရေပြင်ကို ချောင်းကြည့်နေသည်။**
**လဝန်းသည်လည်း ကျုံးရေမျက်နှာပြင်ပေါ်မှာပင် . . .’**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# လူရှေ့တိုင်းရင်းသားပုံပြင်များ

မင်းသက်တင်

**လှည့်ဖြားခြင်းကရန်များတယ်**

"အဆွေသမင် ကျွန်ုပ်မှာ ခုန်ကျော်နိုင်စွမ်းမရှိပါ။ အကယ်၍များ မြွေကြီးရဲ့ ဥတွေပေါ်ကို ကျသွားပါက ဥတွေကွဲကုန်ပါလိမ့်မယ်။ အဲဒီအခါ မြွေကြီးက အန္တရာယ်ပြုလိမ့်မယ်။ မြွေကြီးကို ကျွန်ုပ်သိပ်ကြောက်တယ်"

"မစိုးရိမ်ပါနဲ့ အဆွေလိပ်ရယ်၊ အကယ်၍ အန္တရာယ်တွေ့ပါကလည်း အဆွေတော်ကို အတတ်နိုင်ဆုံး ကြိုးစားကာ အကူအညီပေးပါ့မယ်"။

သမင်ဖိုဟာ လိပ်ကို အားပေးစကားပြောကာ မြွေကြီးကို ဦးစွာခုန်ကျော်လိုက်ရာ မြွေကြီးကိုမထိဘဲ ခုန်ကျော်လိုက်နိုင်တာပေါ့ကွယ်။


ဖြစ်စဉ်ကား ရှေးရှေးအခါက မိတ်ဆွေတွေဖြစ်တဲ့ သမင်ဖိုနဲ့ လိပ်တို့ဟာ အတူတကွ ခရီးသွားလေရာ လမ်းခုလတ်တစ်နေရာမှာ မြွေကြီးတစ်ကောင်က ဥတွေနဲ့အတူ ဝပ်နေလေရဲ့။ မြွေကြီးက သမင်ဖိုနဲ့လိပ်တို့ သွားရာလမ်းကို တားဆီးထားသလိုဖြစ်နေလို့ သမင်ဖိုက ဦးစွာ ခုန်ကျော်လိုက်တာဖြစ်တယ်။

"အိုဗျာ ဖြစ်ရတယ်လို့ တောင်းပန်ပါတယ်ဗျာ"

လိပ်က မြွေကြီးကိုခုန်ကျော်ပေမယ့် မြွေကြီးရဲ့ ဥတွေပေါ်ကိုတည့်တည့်ကျလို့ ဥတွေလည်း ကွဲကုန်တော့တာပေါ့ကွယ်။

"သယ် ဘယ်ကောင်လဲဟေ့၊ သိကြသေးတာပေါ့ကွာ"

မြွေကြီးက ဒေါသအိုးပေါက်ကွဲကာ



အသံကုန်ဟစ်အော်ပြီး လျှင်မြန်တဲ့အဟုန်နဲ့ လိုက်လေတော့တယ်။ သမင်ကလည်း မြွေကြီးကိုအကြောက်လွန်ကာ အဆွေတော်ဖြစ်တဲ့လိပ်ကို သတိမရနိုင်တော့ဘဲ ခြေဦးတည့်ရာပြေးတာပေါ့ကွယ်။ လိပ်လေးခမျာမှာတော့ အကြံမထုတ်နိုင်တော့ဘဲ တောင်စောင်းအတိုင်း လိမ့်ချလိုက်ရတော့သတဲ့။

"ဟော့ကောင် ဘာလို့ ငါ့အသိုက်ကို ဝင်တိုက်ရတာလဲ၊ ဒီကောင်ကွာ"

တောင်ခြေမှာရှိတဲ့ ဝက်ဝံကြီးရဲ့ အသိုက်ကို ဝင်တိုက်မိလို့ ဝက်ဝံကြီးက မြည်တွန်တောက်တီးလို့ လိပ်ကတော့ တောင်းပန်ရင်းပြန်ပြောရှာတယ်။

အဆွေဝက်ဝံကြီးရယ် ကျွန်ုပ်မှာ မြွေကြီးရဲ့ အန္တရာယ်က ထက်ကြပ်မကွာလိုက်နေတာမို့ ပြေးရင်းလွှားရင်း မတော်တဆတိုက်မိရတာပါ ခွင့်လွှတ်ပါဗျာ။ ကျွန်ုပ်ကိုလည်း မြွေကြီးအန္တရာယ်က ကာကွယ်ပေးပါလား ခင်ဗျာ"

"အို မဖြစ်နိုင်ဘူး၊ ငါလည်းမြွေကြီးကို ကြောက်ရတယ် မဖြစ်ဘူး၊ မဖြစ်ပါဘူး"

အကာအကွယ်မရနိုင်လို့ လိပ်ဟာ ရှေ့ကိုဆက်ပြေးရတဲ့အခါ ကျားကြီးတစ်ကောင်ကို ဝင်တိုက်မိပြန်တယ်။ ဒီလိုပဲ ဖြစ်စဉ်ကို ပြောပြပြန်ရာ ကျားကြီးကလည်း မြွေကြီးရဲ့ရန်ပြုမှာ စိုးရိမ်တာကြောင့် လိပ်ဟာ ရှေ့သို့သာ ဆက်ပြေးရပြန်တယ်။ ခရီးအတော်ပေါက်လာတဲ့အခါမှာတော့ လင်းယုန်ငှက်ကြီးရဲ့အသိုက်ရှိရာ သစ်ပင်ကြီးအနီးကို ရောက်သွားတော့တယ်။

လိပ်ရဲ့ ဖြစ်ကြောင်းကုန်စင်ကို သိလိုက်ရတဲ့ လင်းယုန်ကြီးက လိပ်ကလေးကို သူ့ရဲ့ ဝဲဘက်အတောင်ပံအောက်မှာ ဝှက်ထားပြီး အကာအကွယ်ပေးလိုက်တယ်။

"ဒီနေရာမှာ လိပ်တစ်ကောင် မြင်လိုက်မိသေးလား"

မကြာခင်မှာ မြွေကြီးရောက်လာပြီး လင်းယုန်ကြီးကိုမေးမြန်းရာ လင်းယုန်ကြီးက မမြင်မိကြောင်း ပြန်ပြောတာကို မြွေကြီးက မယုံသင်္ကာဖြစ်နေလေတယ်။

"လိပ်ရဲ့ ခြေရာတွေကတော့ ဒီနေရာအထိရှိနေတာပဲ။ ဒီနေရာကို ရောက်လာတာတော့ သေချာတယ်။ သင်များ စောင့်ရှောက်ထားသလော၊ သင်ပဲ ကာကွယ်ပေးထားတာ ဖြစ်နိုင်တယ်။ သင့်ရဲ့ အတောင်ပံတွေကို ဖွင့်ပြပါလား"

မြွေကြီးက တောင်းဆိုတဲ့အတွက် လင်းယုန်ကြီးက ညာဘက်တောင်ပံကို ဖြန့်ပြလိုက်တယ်။

"ဝဲဘက်အတောင်ပံကိုလည်း ဖြန့်ပြပါဦး"

"ကျွန်ုပ်ရဲ့ လက်ဝဲဘက်အတောင်ပံက နာကျင်နေလို့ မဖြန့်နိုင်ဘူးဖြစ်နေတယ်ဗျ"

လင်းယုန်ကြီးက လိမ်ညာပြောဆိုလိုက်လေတယ်။

"ဒါဆိုလည်း နည်းနည်းတော့ မြှောက်ပြပါဗျာ"

မြွေကြီးက ထပ်မံတောင်းဆိုပြန်လေရာ လင်းယုန်ကြီးက ဝဲဘက်အတောင်ပံကို အနည်းငယ်မြှောက်ပြလိုက်တယ်။ အဲဒီမှာ လိပ်ရဲ့ခြေထောက်တွေကို မြွေကြီးက လှမ်းမြင်လိုက်သတဲ့။ ဒီလိုနဲ့ မြွေကြီးနဲ့ လင်းယုန်တို့ အချင်းများကြတော့တယ်။ ဒီဖြစ်စဉ်ကနေ အကြောင်းပြုပြီး ကုန်းနေသတ္တဝါနဲ့ လေနေသတ္တဝါတို့ အကြီးအကျယ် ခိုက်ရန်ဖြစ်ပွားရတဲ့ အထိ ပြင်းထန်လာခဲ့လေတယ်။

လူရှေ့တိုင်းရင်းသား လူကြီးသူမတွေက ကလေးတွေကိုဆုံးမရာမှာ "လှည့်ဖြားခြင်းက ရန်များတယ်" ဆိုတဲ့ ဒီဖြစ်စဉ်ကို သာဓကပြပြောဆို ဆုံးမလေ့ရှိကြသတဲ့ကွယ်။ ။

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

တက္ကသိုလ်သျှင်ရတနာ

**စကောကရင်စကားထာ**

ရာမညတိုင်းဒေသရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ် ဟူသည့် သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် သီလ၊ သမာဓိနှင့် ပြည့်စုံသော ရွာဦးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစား ဘုန်းကြီးကျောင်းသားအဖြစ်ဖြင့် ပညာသင်ကြားလျက်ရှိရာ စည်းကမ်းလိုက်နာမှုအထူးကောင်းကြသည်။

ဘုန်းကြီးကျောင်းမှသင်ကြားပေးသော လောကီ၊ လောကုတ္တရာ စာပေများကို အထူးလေ့လာမှတ်သားပြီး အတန်းပညာရပ်များတွင်လည်း ထူးချွန်ကြသည်။

ဤနေ့သည် မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ စာကျက်ပြီး စာပြန်ရသည့်နေ့တစ်နေ့ဖြစ်သည်။

ထို့ကြောင့် ဗညားနှင့် လဂွန်းအိမ်တို့အပြင် ဘုန်းကြီးကျောင်းရှိ ကျောင်းသားများအားလုံး စာကျက်နေကြရလေသည်။ ပေးထားသည့် သင်ခန်းစာများကို အလွတ်ရလျှင် ဆရာတော်ကြီးထံတွင်ဖြစ်စေ၊ ဆရာတော်ကြီးက တာဝန်ပေးသော ဆရာတော်တစ်ပါးပါးထံတွင် ဖြစ်စေ ကျက်မှတ်ထားသောစာများကို အလွတ်ပြန်ဆိုကြရသည်။

အချို့သင်ခန်းစာများကို စာဖြင့်ပြန်လည်ရေးသားပြသရသည်လည်း ရှိသည်။ စာစစ်ပေးသော ဆရာတော်၏ ကျေနပ်မှုရမှသာ နောက်တစ်နေ့အတွက် ဆက်လက်သင်ယူရမည့် သင်ခန်းစာအသစ်ကို ဆရာတော်ကြီးက ချပေးခြင်းဖြစ်သည်။

ဗညားနှင့် လဂွန်းအိမ်တို့ သူငယ်ချင်းနှစ်ဦး ဆရာတော်ကြီးထံတွင် ယနေ့အတွက် လေ့လာကျက်မှတ်ထားသည်များကို အလွတ်ပြန်ဆိုခဲ့ပြီးပြီလည်းဖြစ်သည်။ ဆရာတော်ကြီးက ကျေနပ်နှစ်သက်သဖြင့် သင်ခန်းစာအသစ်ကိုချပေးရာ သင်ယူပြီး နားချိန်သို့ရောက်ရှိလာတော့သည်။

"ဗညားရေ နားချိန်ရောက်ပြီဆိုတော့ မန်ကျည်းပင်ကြီးအောက်မှာ စောင့်နေကွာ"

လဂွန်းအိမ်က ဆရာတော်ကြီးချပေးမည့် သင်ခန်းစာအသစ်များကို စောင့်ဆိုင်းနေရင်း အရင်ပြီးနှင့်သွားသည့် ဗညားအားပြောလိုက်ခြင်းဖြစ်သည်။ ဗညားက လက်မလေးထောင်ပြပြီး ကျောင်းအောက်ထပ်သို့ ဆင်းသွားသည်။

"ကဲကဲ မောင်မင်းလည်း သွားလို့ရပါပြီကွယ်"

ဆရာတော်ကြီး၏ ခွင့်ပြုချက်ရသဖြင့် လဂွန်းအိမ်၏မျက်နှာ ဝင်းပသွားပြီး ကျောင်းအောက်သို့ အပြေးဆင်းလာတော့သည်။

"ဗညားရေ ဗညား၊ ငါလာပြီဟေ့"

"လာလေ သူငယ်ချင်း၊ ငါ ရှိပါတယ်ကွ၊ မင်းကိုစောင့်နေတာပါ"

"ဆိုပါဦးဗညားရာ ဘာများရှိလို့လဲ၊ ငါ့ကို ဘာများပြောစရာ အထွေအထူးရှိလို့လဲ"

လဂွန်းအိမ်က မန်ကျည်းပင်ကြီးအောက်ရှိ မြက်ခင်းစိမ်းစိမ်းများပေါ်သို့ ထိုင်လိုက်ရင်းပြောသည်။

"ကစားဖို့ပါ၊ ဉာဏ်စမ်းကစားကြဖို့ ပြောတာ"

"ကောင်းတယ်လေ၊ သူငယ်ချင်းက အရင်စမေးမှာ မဟုတ်လား"

"အေးလေ မေးပြီနော်၊ 'သစ်ပင်တက် ထီးဆောင်း'ဆိုတာ ဘာလဲ"

ဗညားမေးလိုက်သည့်အမေးကို လဂွန်းအိမ်က ချက်ချင်းပင် ပြန်ဖြေလိုက်သည်။

"အဖြေက 'မှို' ပေါ့ကွာ။ မှိုပွင့်နေတာဟာ ထီးဆောင်းတဲ့သဏ္ဌာန်မျိုးဖြစ်နေလို့လေ။ အဲဒီစကားထာဉာဏ်စမ်းက စကောကရင် တိုင်းရင်းသားတွေရဲ့ စကားထာပေါ့"

"တော်လိုက်တာ သူငယ်ချင်းရာ၊ မေးခွန်းကိုတော့ ငါပဲဆက်မေးလိုက်ဦးမယ်"

"မေးချင်သေးရင် မေးပါဗျာ"

"မေးခွန်းက 'ကလေးကြိုက်တဲ့သစ်ပင်တစ်ခု' အဲဒါဘာလဲ ဖြေပေးပါ"

ဗညား၏အမေးကို ကြားကြားချင်း လဂွန်းအိမ်တစ်ယောက် ခေါင်းကို တစ်ချက်နှစ်ချက်ကုတ်လိုက်ရင်း စဉ်းစားဟန်ပြုပြီး ဖြည်းဖြည်းချင်းပြန်ပြောသည်။

"သူငယ်ချင်းရဲ့မေးခွန်းက လွယ်မလိုနဲ့ခက်တယ် ဗညားရေ၊ ရှာရှာဖွေဖွေ မေးတတ်တယ်ကွာ အံ့ပါ့"

"မဖြေနိုင်ရင်တော့ ပန်းပေးလိုက်ပေါ့ကွာ။ အဖြေက ရှိပြီးသား"

"ဗညားရေ သူငယ်ချင်းမေးလာတဲ့အမေးကို မဖြေခင် ငါလည်း မင်းကို မေးခွန်းထုတ်လိုက်ချင်သေးတယ်ရမလား"

"ရပါတယ်လဂွန်းအိမ်ရာ မေးသာမေးစမ်းပါ"

"မေးခွန်းကတော့ 'သစ်ပင်တက် မောင်းထု'ဆိုတာပဲသူငယ်ချင်း"

"အလိုဗျား ဟင်၊ သိပ်သိတာပေါ့လဂွန်းအိမ်ရာ၊ အဲဒီအဖြေက 'သဘော်သီး'ပေါ့။ သဘော်ပင်ပေါ်မှာ သဘော်သီး သီးနေတာကိုက မောင်းပုံသဏ္ဌာန် လုံးဝန်းကြီးမားနေတာကို ဆိုလိုတာပဲ။ ဟုတ်တယ်ဟုတ်"

"ဟုတ်ပါ့ဗျာ မှန်ပါ့ဗျာ။ သူငယ်ချင်းမေးထားတဲ့ မေးခွန်းရဲ့ အဖြေကိုလည်း တစ်ခါတည်းဖြေပါ့မယ်။ 'ကလေးကြိုက်တဲ့ သစ်ပင်တစ်ခု' ဆိုတာ 'ကြံ' ကို ပြောတာလေ။ ကြံပင်ကိုခုတ်ပြီး အခွံခွာကာ ပါးစပ်နဲ့ကိုက်ပြီး အရည်စုပ်စားလို့ဖြစ်စေ၊ အရည်ညှစ်ပြီးသောက်လို့ဖြစ်စေ၊ ချိုအီတဲ့အရသာရှိလို့ ကလေးတွေ အကြိုက်တွေ့ နှစ်သက်ကြတာပေါ့ကွာ။ ဒါလည်းပဲ စကောကရင်တိုင်းရင်းသားစကားထာ ဉာဏ်စမ်းတွေထဲကပေါ့ ဗညားရာ"

လဂွန်းအိမ်၏ တိကျသေချာသောအဖြေနှင့် စကားထာဉာဏ်စမ်းများ၏ မူလအရင်းအမြစ်များကိုပါ ဖြေဆိုနိုင်ခြင်းကြောင့် ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားရသည်။

ထိုအချိန်တွင် သံချောင်းခေါက်သံ ငါးချက်ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရမည့်အချက်ပေးသံဖြစ်သဖြင့် ဗညားနှင့်လဂွန်းအိမ်တို့ ဘုန်းကြီးကျောင်းပေါ်သို့ အပြေးအလွှားတက်သွားကြလေတော့သည်။ ။

ဝတ္ထုတို

# သစ္စာစကား

**လင်းမောင်(စီးပွားရေး)**

အင်းလျားရေပြင်က တည်ငြိမ်သယောင်ရှိသော်လည်း မိုးစက်မိုးပေါက်တို့၏ပယောဂကြောင့် လှုပ်ခတ်နေရသည်။ ရွာကျလာသည့် မိုးစက်မိုးပေါက်တို့ကလည်း လေအဝှေ့မှာ အလိုက်သင့်ဝေ့ဝဲလိုက်ပါလာသည်။

လေနှင့်မိုးက သည်းထန်လာသဖြင့် ကန်ရေပြင်တွင်လှိုင်းကြက်ခွပ်လေးများပင် ဖြစ်ပေါ်နေတော့သည်။

"နန်းရေ ကန်ရေပြင်ကို ကြည့်လိုက်ပါဦး"

"ဘာလဲ ကိုလင်း၊ ဘာတွေ့လို့လဲဟင်"

နန်းက ကျွန်တော့်ကို အလန့်တကြားမေးရာရာ ငယ်ငယ်တုန်းက အကျင့်က ကျွန်တော့်ထံ ချက်ချင်းပင် ဝင်ရောက်လာတော့သည်။ ခုချိန်တွင် နန်းနုနုထွေးနှင့်ကျွန်တော်က ငယ်ကျွမ်းဆွေ၊ ၅၀ ကျော်အရွယ်များအထိ အတူမနေရသေးသည့် ချစ်သူများပင်ဖြစ်သည်။

"ဟိုမှာ ဟိုမှာလေ ရေသူမတွေ့လိုက်လို့"

"ကိုလင်းကတော့လေ ငယ်ကအကျင့်တွေ ခုထိမပျောက်သေးဘူးနော်။ တကယ်ပဲ"

နန်းကပြောပြောဆိုဆို ကျွန်တော့်ကျောကို ခပ်ဖွဖွလေးထုလိုက်သည်။ ခုမှပင် နန်းတစ်ယောက် ပြုံးရွှင်လာတော့၏။ နန်း၏အမူအရာတို့က တက္ကသိုလ်ကျောင်းသူအရွယ်ပမာ။ နန်းပျော်လျှင် ကျွန်တော်ပျော်ပါသည်။

"ကိုလင်း ကန်ရေပြင်မှာ လှိုင်းကြက်ခွပ်လေးတွေ ပြေးလွှားနေတယ်နော်"

"ဟုတ်တယ်နန်း၊ အဲဒါကိုပဲ နန်းကိုပြမလို့ ပြောလိုက်တာ။ နန်းက အလန့်တကြားပြန်မေးလိုက်လို့ ငယ်ကအကျင့်က ဝင်လာလို့ စလိုက်တာ"

"အင်းလေ ကိုလင်းက ငယ်ငယ်ကအတိုင်းပဲသိလား။ ဘာမှ မပြောင်းလဲဘူးနော်"

"ဇရာကတော့ ပြောင်းနေပါပြီနန်းရယ်"

"ဒါကတော့ ဘယ်သူမှရှောင်လွှဲလို့ရတာမှမဟုတ်တာ၊ ကိုလင်းနဲ့ ခုလိုပြန်ဆုံတွေ့ရလိမ့်မယ်လို့ မတွေးဝံ့ခဲ့တာ။ ကံမကုန်လို့ ပြန်ဆုံတွေ့ရတာပေါ့နော်။ နန်းလေ ကိုဗစ်တတိယလှိုင်းမှာ သူငယ်ချင်း မိတ်ဆွေတွေကို ဆုံးရှုံးလိုက်ရတာမနည်းဘူး၊ ကိုလင်းကိုလည်း အဲဒီအချိန်တုန်းက အရမ်းသတိရတာပဲ၊ ကိုလင်းကျန်းမာပါစေလို့ ဆုတောင်းရတာ အမောပဲသိလား"

နန်း၏စကားများကို ကျွန်တော်မကြားတစ်ချက်၊ ကြားတစ်ချက်။

ထိုအချိန်ကာလက ကျွန်တော်သည်ပင် ကိုဗစ် ကူးစက်ခံလိုက်ရသည်။ ကံကောင်းထောက်မ၍သာ အသက်မဆုံးရှုံးခဲ့သည်ကို နန်းအားမပြောပြဖြစ်တော့။ ပျော်ရွှင်နေသည့် နန်း၏အပျော်များ ကြွေလွင့်မသွားစေချင်။

"နန်းတို့က နေပြည်တော်မှာဆိုတော့ နေလို့ကောင်းတာပေါ့။ အဲဒီအချိန်ကတော့ ရန်ကုန်က မလွယ်ဘူးလေ။ လူနေထူထပ်တာလည်း ပါတာပေါ့"

"ဟုတ်တယ်ကိုလင်း နေပြည်တော်ကတော့ ကျယ်ဝန်းတယ်၊ လေကောင်းလေသန့်လည်း ရတယ်လေ၊ ထိန်းကျောင်းမှုကလည်း ကောင်းတော့ ကူးစက်မှုက အတော်လေးနည်းတယ်"

ကိုဗစ်ဖြင့် ကွယ်လွန်သွားခဲ့ကြသည့် မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများစွာကို သတိရမိကာ စိတ်ထဲကနေ မေတ္တာပို့အမျှပေးဝေလိုက်မိပါတော့သည်။

"ကိုလင်း ငြိမ်လှချေလား၊ ဘာတွေများ တွေးနေတာလဲ"

"ကိုဗစ်ကာလတုန်းက ကြွေလွင့်သွားကြတဲ့ မိတ်ဆွေသူငယ်ချင်းတွေကိုသတိရသွားလို့မေတ္တာပို့ အမျှဝေနေတာပါ။ ဘဝဆိုတာတိုတိုလေးပါ၊ဘဝအရေးစိတ်အေးရလေအောင်သတိနဲ့နေထိုင်ရတော့မယ်ထင်တယ်"

"ဟိုးဆရာကြီးသံဝေဂတရားသံတွေပါကြားလာရပါလား၊ဘုန်းကြီးဝတ်တော့မလားပြော၊ ပစ္စည်းလေးပါး ဒါယိကာမအဖြစ်ခံယူလိုက်မယ်လေ"



အင်းလျားကန်အလယ်က ကျွန်းလေးဆီသို့ လှမ်းကြည့်လိုက်ရင်း အထီးကျန်မှု၏ ဒုက္ခဆင်းရဲခြင်းကို လွှတ်ချပစ်လိုက်ရမည်လား၊ ဆက်လက်ဆုပ်ကိုင်ထားရမည်လား ကျွန်တော်ဝေခွဲမရဖြစ်နေရသည်။ ဝေဝါးနေသည့်အတွေးများဖြင့်ပင် နန်းကို စကားတစ်ခွန်းပြောလိုက်မိသည်။

"နန်းရေ တစ်ယောက်တည်းမနေချင်တော့ဘူးကွာ"

"ဟဲ့တော်၊ ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ။ တစ်ယောက်တည်းမနေချင်တော့ဘူးဆိုတော့ ခုရောတစ်ယောက်တည်းနေရလို့လား ကိုလင်းရယ်"

"ခုနေတာက ညီမတွေနဲ့နေတာလေ။ ရှေ့ဆက်ရမယ့် ဘဝခရီးကို ပြောတာ၊ ဘဝခရီးဆိုတာ တိုတောင်းတာမှန်ပေမယ့် ကျယ်ပြောတယ်"

ကျွန်တော့်စကားကြောင့် နန်းတစ်ယောက် နှုတ်ဆိတ်သွားသည်။ နန်း၏အတွေးတို့က အဘယ်သို့ ရှိနေသည်မသိ။ ကျွန်တော်ကလည်း ကိုယ့်အတွေးနှင့်ကိုယ် ပြောလိုက်မိခြင်းပင်။ ထိုအချိန်တွင် ကန်ရေပြင်ကို လျှပ်တိုက်လာသော လေသရမ်းကြောင့် မိုးစက်မိုးပေါက်တို့က ကျွန်တော်နှင့်နန်းကို ကလူကျီစယ်တို့ထိသွားကြသည်။ မျက်ဝန်းမှာ အေးခနဲခံစားလိုက်ရချိန်တွင် ရေငွေ့တို့ဖြင့်စိုစွတ်သည့် အထိအတွေ့ကို ခံစားလိုက်ရသည်။

"နေပြည်တော်မှာလိုက်နေပါလား ကိုလင်းရယ်"

တီးတိုးထွက်ကျလာသည့် နန်း၏စကား။

စကားအဆုံးမှာ နန်းက ကျွန်တော့်မျက်ဝန်းကို စေ့စေ့ကြည့်နေသည်။ ကျွန်တော်လည်း နန်း၏မျက်ဝန်းကို စေ့စေ့ပြန်ကြည့်နေမိသည်။ စကားလုံးများက ထွက်မလာသေး။ ရင်ထဲမှာတော့ စီကာစဉ်ကာဖြင့် စကားလုံးပေါင်းများစွာရှိနေသည်။ သို့တိုင် နှုတ်ကဆွံ့အနေပြန်သည်။

"တကယ်ကတော့ မလွယ်ပါဘူးနန်းရယ်"

ကန်ရေပြင်ကျယ်ကျယ်ဘက်ဆီသို့ လှမ်းငေးလိုက်ရင်း ဖြည်းဖြည်းချင်း ကျွန်တော်ပြောလိုက်မိသည်။ နန်းက အင်းမလုပ် အဲမလုပ်။ တုံဏှိဘာဝေဖြင့် ကျွန်တော့်ကိုသာ ငေးစိုက်ကြည့်နေရှာသည်။ ထိုအကြည့်များတွင် မေးခွန်းပေါင်းထောင်သောင်းမက ပျော်ဝင်နေပေသည်။ နန်းကို လက်တလော မျက်နှာချင်းမဆိုင်ရဲသေး။ မျက်နှာကထူပူနေသည်လားမသိ။ အသက်အရွယ်က ရင်ခုန်မှု၊ ရှက်ရွံ့မှု၊ အားငယ်မှုတို့ကို ဘယ်လိုမှမတားဆီးနိုင်ကြောင်း ကျွန်တော် ကောင်းကောင်း သိလိုက်ရသည်။

"ကျယ်ပြောတဲ့ ကန်ရေပြင်ကို ဖြတ်ကူးဖို့ရာလွယ်တယ်။ ကျယ်ပြောတဲ့မြစ်ပြင်တို့ ပင်လယ်ပြင်တို့ကို ဖြတ်ကူးဖို့ရာ မခက်ခဲလှပါဘူး၊ ကျယ်ပြောတဲ့ ဘဝကြီးကို ဘာနဲ့ဖြတ်ကူးမလဲ စဉ်းစားရင်းနဲ့ကို အဖြေမထွက်ဘူး နန်းရေ"

နန်းက ဘာမျှပြန်မပြောသေးခင် ကျွန်တော် ဆက်ပြောလိုက်မိပြန်သည်။

"ကျယ်ပြောတဲ့ဘဝကြီးကို ဘာနဲ့ဖြတ်ကူးကြမလဲဆိုရင်မြတ်စွာဘုရားက 'အပ္ပမာဒေန သမ္ပာဒေထ' ကာမဂုဏ်အာရုံတွေပေါ်မှာ စိတ်လွှတ်မထားဘဲနဲ့ ကုသိုလ်ကောင်းမှုပေါ်မှာ အမြဲတမ်းသတိရနေတဲ့။ အပ္ပမာဒဆိုတဲ့ သတိနဲ့ဖြတ်ကူးရမယ်တဲ့၊ ပါချုပ်ဆရာတော်ကြီးရဲ့ စာတစ်ပုဒ်မှာ ဖတ်လိုက်ရတယ်"

ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ၏ "ဘဝအရေး စိတ်အေးရလေအောင်"ဟူသည့် စာမူတစ်ပုဒ်တွင် ဖတ်မိလိုက်သည့် စာတစ်ပိုဒ်ဖြစ်သည်။ ထိုအချိန်အထိ နန်းက တုံဏှိဘာဝေ။ ကျွန်တော်ကသာဆက်ပြီး ပြောနေမိပြန်သည်။

"လူတွေကတော့ ကိုယ့်ကိုယ်ကိုယ်သတိရှိတယ်လို့ ထင်နေကြတယ်။ သို့သော် လူတွေလုပ်နေတာနဲ့ တွေးနေတာက တခြားစီ၊ ဥပမာ လူကတော့ ထိုင်နေတယ်၊ စိတ်ကတော့ တခြားရောက်နေတယ်။လူက အိပ်နေတယ်၊ စိတ်ကတခြားရောက်နေတယ်။ အဲဒါဟာ မေ့နေတယ်ခေါ်တယ်။ ဒါပေမဲ့ လူတွေက အဲဒါကိုမေ့နေတယ်လို့ မထင်ဘူး။ သတိရှိနေတယ်လို့ပဲ ထင်တယ်"

ပါမောက္ခချုပ်ဆရာတော်ဘုရားကြီး၏ စာမူတစ်ပုဒ်မှာပါရှိသည့် မိန့်ကြားမှုပင်ဖြစ်သည်။ ကျွန်တော်ထိုအထိ နားလည်သိမိရှိသေးသည်။ သို့တိုင် ပုထုဇဉ်စိတ်ကဖြင့် မလိုက်နိုင်ဖြစ်နေရသည်။ နန်းက ကျွန်တော့်ကို တကယ်ပင် ဘုန်းကြီးဝတ်တော့မည်ဟု ထင်ကောင်းထင်နိုင်သည်။ အမှန်စင်စစ်တွင် ကျွန်တော်သည် လက်ကျန်ဘဝတစ်ပိုင်းကို နန်းနှင့်အတူ ဖြတ်သန်းကုန်ဆုံးစေလိုသည်မှာ မှန်ကန်သော သစ္စာစကားပင်ဖြစ်သည်။

"နန်း"

"ရှင်"

"သေချာနားထောင်နော်"

"ဟုတ်ကိုလင်း နန်း နားစွင့်နေပါတယ်"

"ကိုယ်တို့ အတူနေလိုက်ကြတော့မယ်နော်၊ ဒါ မှန်ကန်တဲ့ဆုံးဖြတ်ချက်ရဲ့ သစ္စာစကားပါနန်းရေ"

နန်း၏မျက်ဝန်းမှာ စိုစွတ်နေသည်ကို ထိတွေ့ခံစားမှုဖြင့် သိလိုက်ရလေသည်။ ။

# "ဝ" တိုင်းရင်းသားလူမှုဘဝ

**မနုဿဝင်းမော်**

### ရိုးရာအကနှင့်အထိမ်းအမှတ်

"ဝ" တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာအကမှာ မြေတွင်ဝိုင်းပတ်ကရသော "ဂရောမ်ကျူးငူး"ခေါ် မြေဝိုင်းအကဖြစ်ကြောင်း သိရသည်။ အိမ်သစ်တက်ပွဲ၊ ခရစ္စမတ်ပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများတွင် ယင်းအကကို ကကြလေ့ရှိသည်။

အဆိုပါမြေဝိုင်းအကတွင် အနည်းဆုံးလူ ၁၀ ယောက်မှ လူများလျှင် များသကဲ့သို့ စုပေါင်းကကြသောအကမျိုးဖြစ်သည်။

"ဝ"တိုင်းရင်းသားသွေးချင်းတို့၏ "လက်ကမ်းကြိုနေ 'ဝ'တို့ဌာနေ" ဟုအဓိပ္ပာယ်ရသည့် အကကို အခါကြီးရက်မြတ်ပွဲများ၊ အလှူမင်္ဂလာဆောင်နှင့် ဂုဏ်သရေရှိလူကြီးမင်းများ ဆုံတွေ့ကြသည့်ပွဲများတွင် ကပြလေ့ရှိသည်။

ယင်းအကကို "ပြည်ထောင်စုရိုးရာအက"ဟု အမည်ပေးထားကြောင်း သိရသည်။

မြန်မာ့ရုပ်မြင်သံကြားကလည်း အဆိုပါအကကို ရိုက်ကူးထုတ်လွှင့်ပြသသည်ကိုတွေ့ရသည်။ ယင်းအကသည် ခေါင်းခါ၊ ခြေလှုပ်၊ လက်လှုပ်၍ကသောအကဖြစ်ပြီး စည်းလုံးညီညွတ်မှုသဘော၊ အမြဲထီးထီးမားမား ရပ်တည်နေမည့်သဘော၊ ဘယ်သူခွဲခွဲတို့မကွဲပါ၊ လူတိုင်းချစ်ချစ်ခင်ခင်ရှိပါမည်၊ လက်ပွန်းတတီးရှိနေပါမည်ဟု အဓိပ္ပာယ်ဖော်ဆောင်သောအကဖြစ်သည်။

သီဆိုသောသီချင်း၏ အဓိပ္ပာယ်မှာလည်း "ဝ" တိုင်းရင်းသားများ နေထိုင်ရာဒေသ၏ ရှုခင်းများ သာယာလှပမှုကို တင်စားဖွဲ့ဆိုထားခြင်းဖြစ်ပြီး "ဝ"တိုင်းရင်းသူတို့၏ ရုပ်ရည်အလှအပ၊ စိတ်သဘောထားဖြူစင်မှုများကိုပါ ထည့်သွင်းဖွဲ့ဆိုထားခြင်းဖြစ်ကြောင်းနှင့် လသာသောညများတွင် ယင်းသီချင်းကို သီဆိုကာ လက်တွဲညီညီဖြင့် စုပေါင်းကတတ်ကြကြောင်း သိရသည်။



"ဝ" တိုင်းရင်းသား သမီးပျိုတို့၏အက။

"ဝ"တိုင်းရင်းသားသွေးချင်းတို့၏ "ဆောင်းဟင်" ရိုးရာအကမှာ အမျိုးသမီးလေးများ စုပေါင်းဝိုင်းဖွဲ့ကရသော အကဖြစ်သည်။ ထိုအကမှာ ခေါင်းခါ၊ ခြေလှုပ်၊ လက်လှုပ်ကရသော အကမျိုးမဟုတ်ဘဲ စပါးနယ်သည့်ပုံသဏ္ဌာန်၊ ဆန်ပြာသည့်ပုံသဏ္ဌာန်၊ ဆန်ကောဝိုင်းနေသည့်ပုံသဏ္ဌာန်၊ ရက်ကန်းခတ်နေသည့်ပုံသဏ္ဌာန်၊ ဆံပင်ဖြန့်ထားပြီး နတ်အကကနေသည့်ပုံသဏ္ဌာန်၊ တလင်းအတွင်းမှ အမှိုက်များကို စုပုံမီးရှို့သည့်ပုံသဏ္ဌာန်၊ ဂျပ်ခုတ်ထည်မရက်မီ ချည်ရစ်သောပုံသဏ္ဌာန်၊ ပလိုင်းလွယ်ပြီး ထင်းခွေရေခပ်ထွက်သည့်ပုံသဏ္ဌာန် စသည့်ပုံသဏ္ဌာန်တို့ကို သရုပ်ဖော်၍ ကရသောအကဖြစ်ကြောင်း သိရသည်။

ထိုအကကို ကရာတွင် သီဆိုသောသီချင်းမှာ "လွယ်မူးတောင်ခြေတွင် ပျော်ခဲ့ရသော ငယ်စဉ်ဘဝ၏ လှုပ်ရှားခဲ့ပုံများကို လွမ်းဆွတ်မိကြောင်း" ရေးဖွဲ့ထားခြင်းဖြစ်သည်။

"ဝ" တိုင်းရင်းသားသွေးချင်းတို့၏ အထိမ်းအမှတ်မှာ ကျွဲချို ဖြစ်သည်။

အောင်မြင်မှုပွဲလမ်းသဘင်အခမ်းအနားများတွင် ကျွဲကိုသတ်၍ ပူဇော်ကြလေ့ရှိသောကြောင့် ကျွဲချိုကို အထိမ်းအမှတ်အဖြစ် ထားခြင်းဖြစ်ကြောင်း သိရသည်။

တစ်ရွာနှင့်တစ်ရွာ ကတိသစ္စာပြုပွဲများတွင် ကျွဲကိုသတ်ပြီး သစ္စာပြုလေ့ရှိသည်။ ကျွဲကိုသတ်သည့်အခါ လည်မလှီးရဘဲ လက်ပြင်မှ လှံဖြင့် နှလုံးသို့ပေါက်အောင် ထိုးသတ်ခြင်းမျိုးဖြစ်သည်။ အသုံးပြုသော ကျွဲမှာ ပျိုရွယ်သော အသက်ငါးနှစ်ထက်မကျော်သည့် ကျွဲပေါက်ကိုသာ အသုံးပြုကြလေ့ရှိသည်။ ကျွဲအိုများကို အသုံးပြုခြင်းမရှိပေ။

နားရွက်အနောက်ဘက်၊ နဖူးအလယ်၊ ကျောကုန်းအလယ်၊ ကုပ်ပိုးနှင့်လည်ပင်းတို့တွင် ဖွေပါရှိသောကျွဲကို ကျွဲကောင်းဟု သတ်မှတ်လေ့ရှိသည်။ ဦးခေါင်းထိပ်၊ တင်ပါး၊ ဘို့နှင့် ရင်အုပ်တို့တွင် ဖွေပါရှိပါက မကောင်းသောကျွဲဟု သတ်မှတ်ကြသည်။ ဦးချိုမကောင်းသောကျွဲကိုလည်း မမွေးအပ်သောကျွဲအဖြစ် သတ်မှတ်ထားကြသည်။

အထိမ်းအမှတ်ပွဲများ၊ အလှူအတန်းမင်္ဂလာဆောင်နှင့် နတ်တင်ရာတွင် အပြစ်အနာအဆာကင်းသော ကျွဲကောင်း၊ ကျွဲပေါက်ဖြစ်ရမည့်အပြင် ဦးချိုမှာလည်း လှပရမည်ဖြစ်ကြောင်းနှင့် ကောက်ကွေ့ခြင်း၊ လှုပ်နေခြင်းမျိုး မဖြစ်စေရကြောင်းလည်း သိရသည်။

"ဝ" တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာအကနှင့် အထိမ်းအမှတ်တို့အကြောင်းကို မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်း။ ။ "ဝ"တိုင်းရင်းသားများ၏လူမှုစီးပွားရေးဘဝ၊ပါမောက္ခ ဒေါ်တင်ရီနှင့်အဖွဲ့**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာအသင်း ပင်နယ်တီအဆုံးအဖြတ်ဖြင့် အရေးနိမ့်ပြီး ဗိုလ်လုပွဲနှင့်လွဲချော်

ရန်ကုန် ဩဂုတ် ၁၀

၂၀၂၂ အာဆီယံ ယူ-၁၆ ချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်က ဆက်လက်ကျင်းပရာ အင်ဒိုနီးရှားအသင်းနှင့် ဗီယက်နမ်အသင်း ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို



မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိမ်ရှင်အင်ဒိုနီးရှားနှင့် မြန်မာအသင်းတို့ ပွဲချိန်မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ အင်ဒိုနီးရှားအသင်းက ငါးဂိုး-လေးဂိုး စုစုပေါင်း ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင်ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုရှိသော်လည်း မြန်မာအသင်းသည် အိမ်ရှင်အင်ဒိုနီးရှားကို အကောင်းဆုံးတုံ့ပြန်ခဲ့သည်။ ၄၄ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး နေမင်းထက်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းလာပြီး ၆၉ မိနစ်တွင် ရီဆကီက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ ချေပဂိုးသွင်းယူခဲ့သည်။ မိနစ် ၉၀ တွင် တစ်ဂိုးစီသရေကျနေသဖြင့် ပြိုင်ပွဲစည်းမျဉ်းအရ အချိန်ပိုဆက်မကစားဘဲ ပင်နယ်တီဖြင့် တိုက်ရိုက်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပင်နယ်တီကန်သွင်းရာတွင် အိမ်ရှင်အင်ဒိုနီးရှားအသင်းက ငါးလုံးစလုံး ဂိုးဝင်ခဲ့ပြီး မြန်မာအသင်းက လေးဂိုးသာဝင်ခဲ့သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲအဖြစ် ထိုင်းနှင့် မြန်မာ၊ ဗိုလ်လုပွဲအဖြစ် ဗီယက်နမ်နှင့် အိမ်ရှင်အင်ဒိုနီးရှားအသင်းတို့ ဩဂုတ် ၁၂ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFF**




# အင်္ဂပူမြို့နယ်၌ သဘာဝရေပြင် ဝေန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

အင်္ဂပူ ဩဂုတ် ၁၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဆုံကုန်းကျေးရွာရှိ သဘာဝရေပြင် ဝေန်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့ နံနက်ပိုင်းက အင်္ဂပူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများစုပေါင်းပြီး ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၁၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၀၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် စားသုံးနိုင်ရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရန်ရည်ရွယ်ပြီး အင်္ဂပူမြို့နယ်အတွင်းရှိ သဘာဝရေပြင်များနှင့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြဝတီမြို့၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မြဝတီ ဩဂုတ် ၁၀

ကရင်ပြည်နယ် မြဝတီမြို့ မြို့မဘောလုံးကွင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းကောင်စီဥက္ကဋ္ဌ ဖလား ဘောလုံးပြိုင်ပွဲ (အကြီးတန်းနှင့် အလတ်တန်း) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းသို့ နေရာယူပြီး နိုင်ငံတော်သီချင်း သီဆို၍ နိုင်ငံတော်အလံအား



အလေးပြုကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးစိန်သောင်းက ကွင်းဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမိုးကျော်က အားကစားဆိုင်ရာများအား မှာကြားခြင်း၊ အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်လေးချက်အား ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်သည်။

ဆက်လက်ပြီး ကျောင်းသားကျောင်းသူများက Fitness Dance နှင့် ကပြဖျော်ဖြေ တင်ဆက်ခြင်း၊ မြို့နယ်အဆင့် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ဆုရရှိခဲ့သော သမီးငယ်လေးများက ကဗျာလွတ် အကအလှဖြင့် ဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ပြီး အကြီးတန်းနှင့် အလတ်တန်း ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

❖ **ဗီယက်နမ်မှ**

ဗိုလ်လုပွဲတက်ရောက်ခွင့်ရခဲ့ပြီး ထိုင်းအသင်းက ရမှတ်လေးမှတ်ဖြင့် အုပ်စုတတိယ၊ မြန်မာအသင်းက သုံးပွဲစလုံးရှုံးပြီး အမှတ်မရဘဲ အုပ်စုအောက်ဆုံးတွင် ရပ်တည်ကာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ မလေးရှားနှင့် ထိုင်းအသင်းသည် ရမှတ်တူသော်လည်း မလေးရှားအသင်းက ဂိုးကွာခြားချက်အသာဖြင့် ဒုတိယနေရာရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။

တတိယနေရာလုပွဲကစားမည့် မြန်မာအသင်းနှင့် ထိုင်းအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ်က ထိုင်းအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲကစားမည့် ဗီယက်နမ်နှင့် မလေးရှားအသင်းသည် အုပ်စုပွဲတွေ့ဆုံစဉ်က ဗီယက်နမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ကိုညီလေး**

# လိုင်လီကွင်းလယ်ကစားသမား အမာဒူအိုနာနာကို အဲဗာတန်အသင်းက ပေါင် ၃၃ သန်းဖြင့် ခေါ်ယူ

အဲဗာတန်အသင်းဟာ ပြင်သစ်ပထမတန်းကလပ် လိုင်လီအသင်းမှဘယ်လ်ဂျီယံကွင်းလယ်ကစားသမား အမာဒူအိုနာနာကို ပြောင်းရွှေ့ကြေးပေါင် ၃၃ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား အမာဒူအိုနာနာဟာ ယခုနှစ်ဘောလုံးရာသီရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲ အဖွင့်ပွဲစဉ်မှာ အဲဗာတန်အသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်ကိုလည်း အဲဗာတန်အသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ ဂွတ်ဒီဆင်ပါ့ခ်မှာ လာရောက်ကြည့်ရှုအားပေးခဲ့သူဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား အမာဒူအိုနာနာကို အဲဗာတန်အသင်းက စာချုပ်ချုပ်ဆိုမခေါ်ယူမီကတည်းက ဝက်စ်ဟမ်းအသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

လက်ရှိအပြောင်းအရွှေ့ကာလအတွင်းမှာ အဲဗာတန်အသင်းက တာကိုစကီး၊ ဒွိုက်မက်နေးလ်၊ ရူဘင်ဗီနာဂရီနဲ့ ကိုနော်ကိုဒီတို့ကို ခေါ်ယူထားပြီးဖြစ်တာကြောင့် အမာဒူအိုနာနာဟာ အဲဗာတန်အသင်းက ခေါ်ယူခဲ့တဲ့ ငါးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

ကွင်းလယ်ကစားသမား အမာဒူအိုနာနာဟာ ဇွန်လအတွင်းက နယ်သာလန်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ ဘယ်လ်ဂျီယံနိုင်ငံ



လက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခဲ့သူဖြစ်ပြီး အမာဒူအိုနာနာကို ခေါ်ယူခဲ့ခြင်းဟာ အဲဗာတန်အသင်းအတွက် အားထားရမယ့်ကစားသမားတစ်ဦးကို ခေါ်ယူခဲ့ခြင်းဖြစ်တယ်လို့ အဲဗာတန်အသင်းနည်းပြ ဖရန့်လမ်းပတ်က ပြောကြားခဲ့ပါတယ်။

**ငွေကြယ်**


**သင့်သွေးဖြင့်အသက်ကယ်ပါ**



**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၄)၊ မြေကွက်အမှတ်(၄၉၅)၊ ဒေါ်မြင့်မြင့်ဝေ အမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ချိုမမအောင်[၁၂/မရက(နိုင်)၀၈၄၆၀၉]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**



